ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်၊ တနင်္ဂနွေနေ့၊ (14-9-2008) (၅၈၀၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီစိုက်ပျိုးနည်းများအတိုင်း စိုက်ပျိုးခြင်းဖြင့် ဒေသခံလယ်သမားများ အကျိုးကျေးဇူးပိုမိုရရှိမည်
ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်ဖော်ထုတ်ရေးလုပ်ငန်းတွင်
တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံလယ်သမားများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်ဖော်ထုတ်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်ဖော်ထုတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းမှ တိုင်းနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ကုန်သည်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်၌ လုပ်ကိုင်ကြမည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး နိုင်ငံ၏ လူဦးရေ အများစုသည်လည်း ကျေးလက်နေ ပြည်သူများ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ထူးထူး ခြားခြား ရှာရှာ ဖွေဖွေ

ကမ္ဘာ့အမြင့်ဆုံး ကြိုးတံတား

ကမ္ဘာပေါ်တွင် အမြင့်ဆုံးကြိုးတံတားကြီးမှာ ဥရောပတိုက်ရှိ ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် ဘာစီလိုနာကို ဆက်သွယ်ထားသော အေ-၇၅ လမ်းပေါ်တွင်ရှိသည့် မယ်လာယူ ဗီအာဒတ်အမည်ရှိ ကြိုးတံတားဖြစ်သည်။ **(အောက်ပုံ)** အဆိုပါ တံတားသည် ထရန်မြစ်ကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

❒ သဘာဝဘေးဆိုင်ရာသတင်းများ စာမျက်နှာ-၅

❒ ကထိကရဟန်း၏ "ဒုလ္လဘ - ၅ ပါး" (ဆောင်းပါး) စာမျက်နှာ-၆

❒ ပြည်တွင်းပြည်ပ အားကစားသတင်းများ စာမျက်နှာ-၉၊၁၁

အတည်ပြုချိန် ၂၅၀

ကြေးမုံ The Mirror

၁၄-၉-၂၀၀၈
(တနင်္ဂနွေနေ့)

သီလဆောက်တည် ကုသိုလ်တရား ပွားများအားထုတ်

ယနေ့သည် ၁၃၇၀ ပြည့်နှစ် တော်သလင်းလပြည့်နေ့ဖြစ်သည်။ ကောင်းကင်ပြင်တွင် လပြည့်ဝန်းသည် ပြုဗ္ဗဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်ပြိုင်ထွန်းလင်းသည်။ မိုးကာလဖြစ်၍ အေးမြသောရာသီတွင် အင်ကြင်းပန်း၊ ယင်းမာပန်းတို့ လှိုင်လှိုင်ပွင့်လန်းသဖြင့် မွှေးရနံ့တို့ သင်းပျံ့နေသည်။

မြစ်များအတွင်း ရေများသောင်ကမ်းပြည့်မျှ စီးဆင်းလျက်ရှိရာတွင် ရေစီးအဟုန် ပြင်းထန်ခြင်းမရှိသောကြောင့် သာယာပုံကို **လတော်သလင်း သင်ဖြူးခင်း** ဟူ၍ တင်စားရေးဖွဲ့ကြသည်။ တော်သလင်းလတွင် မြစ်အတွင်း၌ လှိုင်းလေငြိမ်သက် သာယာသည့်အတွက် သစ်ဖောင်၊ ဝါးဖောင်များ စုန်ဆင်းလေ့ရှိသဖြင့် **သစ်ဆင်းလ**ဟူ၍လည်း ခေါ်ဝေါ်ကြသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က တော်သလင်းလပြည့်နေ့ကို **ဂရုဓမ္မအခါတော်နေ့** အဖြစ် အလေးအမြတ်ထားကြသည်။ ဂရုဓမ္မဟူသည် မြတ်ဗုဒ္ဓ၏ တရားတော်များကို အလေးအမြတ်ပြု စောင့်ထိန်းခြင်းဖြစ်သည်။ အထူးသဖြင့် သူ့အသက်ကို မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးယူခြင်း၊ သူ့အိမ်ရာကို မပြစ်မှားခြင်း၊ မဟုတ်မမှန်သောစကားကို မဆိုခြင်း၊ သေရည်သေရက်ကို မသောက်ခြင်းဟူသည့် ငါးပါးသီလတရား စောင့်ထိန်းကြခြင်းဖြစ်သည်။

သီလစောင့်ထိန်းသူများအနေဖြင့် စည်းစိမ်ဥစ္စာရရှိခြင်း၊ ကောင်းသတင်း ပျံ့နှံ့မှုရရှိခြင်း၊ ပရိသတ်တို့ မရွံ့မကြောက် ချစ်ခင်မှုရရှိခြင်း၊ မတွေဝေဘဲ သေရခြင်း၊ သေလွန်သည့်အခါ နတ်ပြည်သို့ ရောက်ရှိခြင်းစသည့် ကောင်းကျိုးတရားများစွာ ဖြစ်ထွန်းရရှိစေမည်ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ပြည်သူအများတို့က တော်သလင်းလပြည့်နေ့တွင် ဘုရား၊ ကျောင်းကန်များ၌ အလှူဒါနပြုခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း စသည့်ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြမြဲဖြစ်သည်။

မြတ်ဗုဒ္ဓ၏ တရားတော်များအား ရွတ်ပွားသရဇ္ဈာယ်နေသူတို့မှာ ရွတ်ပွားနာကြားနေချိန်အတွင်း တဒင်္ဂ၌ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာများ ချုပ်ငြိမ်းစေသည်။ သို့ဖြစ်ရာ ပြည်သူအပေါင်းတို့က မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်တို့ကို အာရုံပြု၍ အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ကုသိုလ်ဘာဝနာပွားများအားထုတ်ကြခြင်းတို့ဖြင့် ပစ္စုပ္ပန် သံသရာနှစ်ဖြာသော ကောင်းကျိုးတရားများ ရရှိနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်မှတ်ရေးထိုး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa တို့ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေး စီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa တို့သည် စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေး စီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ (သတင်းစဉ်)

လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးမြင့်က အမှာစကားပြောကြား၍ အလှူငွေများကို လက်ခံပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသောလူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ၊ နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ မြို့နယ်အဆင့် စာမေးပွဲတွင် ဆုရရှိကြသူများ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် သူနာပြု ဒီပလိုမာသင်တန်းတွင် နှစ်အလိုက် ထူးချွန်စွာအောင်မြင်ကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အသင်းဝင်အဆိုပြုလွှာအစောင်၁၃၀ကို ပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်ဟုတ်စိန်က လက်ခံသည်။

ယင်းနောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဆက်လက်ကျင်းပပြီး သဘာပတိ မြို့နယ် အသင်းအတွင်းရေးမှူးက အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာဖတ်သူတိုးပွားရေး ဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျိုဝါကျောက်ရဲကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်သူ တိုးပွားရေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက်က ဂျိုဝါကျေးရွာ မြတ်မင်္ဂလာစာကြည့်တိုက်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်ဇော်က အမှာစကားပြောကြားပြီး ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက "ရည်မှန်းချက်ရှိရမည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်က "စာဖတ်ခြင်း၏ အကျိုးရလဒ်" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။**(ယာပုံ)**

ထို့နောက် ဂျိုဝါကျေးရွာ မြတ်မင်္ဂလာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၁၅၀ ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဇော်လင်းထွန်းက လက်ခံရယူပြီး ကျေးရွာရပ်မိရပ်ဖ ဦးချစ်ဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၁ ရက်တွင် မြို့နယ်အသင်းရုံး၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စန်းစန်းနွယ် **(အပေါ်ပုံ)**က အမှာစကားပြောကြားကာ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်ယုက ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့် ပြီး ခရိုင်အလုပ်အမှုဆောင် ဦးကျော်တင့်က ဆုရရှိကြသည့် ရပ်ကွက်၊ ကျေးရွာအသင်းများနှင့် ရောဝတီတိုင်း လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့နယ်အသင်း အတွင်းရေးမှူး ဦးညဏ်ဝင်းက အလှူငွေများကို လက်ခံ၍ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက်ကျင်းပပြီး သဘာပတိ ရန်ကုန်မြောက်ပိုင်းခရိုင် အလုပ်အမှုဆောင် ဦးကျော်တင့်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံနှင့် ပြည်သူ့အကျိုး ဆတက်ထမ်းပိုး တိုး၍ထမ်းဆောင်မည့် ကြက်ခြေနီ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ

စိုးသူရ

ယနေ့သည် ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်း (First Aid) အထိမ်းအမှတ်နေ့ဖြစ်သည်။ ရှေးဦးသူနာပြုစုခြင်းသည် မတော်တဆ ထိခိုက်ဒဏ်ရာအနာတရဖြစ်ခြင်းနှင့် ရုတ်တရက်ကြုံတွေ့ခံစားရသော ရောဂါဝေဒနာများအတွက် ဖြစ်ပွားသောနေရာနှင့် ဆေးရုံ၊ ဆေးခန်း၊ ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာအကူအညီ မရမီစပ်ကြား ဝေဒနာခံစားမှုသက်သာကာ အလျင်မြန်ဆုံးကောင်းမွန်စေရန် ပြုစုခြင်းအတတ်ပညာကိုခေါ်သည်ဟု သိရသည်။

ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်။

ကမ္ဘာ့ရှေးဦးသူနာ ပြုစုခြင်း အထိမ်းအမှတ်နေ့များကို ၂၀၀၀ ပြည့်နှစ်တွင် ဥရောပ ၁၆ နိုင်ငံရှိ ကြက်ခြေနီအသင်းများက စတင်ကျင်းပခဲ့ပြီး ၂၀၀၁ခုနှစ်တွင် အမေရိက အလယ်ပိုင်းဒေသအတွင်းရှိ ကြက်ခြေနီအသင်းများကပါ ပါဝင်ကျင်းပလာကြသည်။ ၂၀၀၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် စက်တင်ဘာလ ဒုတိယပတ်(စနေနေ့) ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တစ်ပြိုင်တည်း ကျင်းပလာခဲ့သည်မှာ ယခုအခါ ငါးနှစ်တိုင်ရှိသွားပြီဖြစ်သည်။

မြန်မာနိုင်ငံ၌လည်း ရှေးဦးသူနာပြုစုခြင်း အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အထိမ်းအမှတ် အခမ်းအနားကို မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သို့ကျင်းပလျက်ရှိပုံနှင့် ဆုရ ကြက်ခြေနီအသင်းဝင်များ၏ ခံစားချက်များကို ပြည်သူများသိရှိနိုင်ရန်အတွက် ကြေးမုံသတင်းအဖွဲ့က အခမ်းအနားကျင်းပရာ နေရာသို့ သွားရောက်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ "ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ရှေးဦးပြုစုခြင်း အတတ်ပညာကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၃ ခုနှစ်ကစတင်ပြီး နှစ်စဉ် စက်တင်ဘာလ၏ ဒုတိယပတ် စနေနေ့မှာ ဒီကမ္ဘာ့ရှေးဦးသူနာပြုစုခြင်း အထိမ်းအမှတ်နေ့ကို ကျင်းပခဲ့ပါတယ်။ ရန်ကုန်တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီအနေနဲ့ ကျင်းပခြင်းဖြစ်ပါတယ်။ ရှေးဦးပြုစုခြင်း အတတ်ပညာဟာ ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံ လူမှုကရုဏာလုပ်ငန်းကြီးအဖြစ် စတင်ပေါ်ပေါက်လာခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ရင်ဆိုင်နေရသော ထိခိုက်ဒဏ်ရာရမှုများ၊ ရောဂါဘယ ခံစားနေရမှုများနှင့် ဘေးဒုက္ခအန္တရာယ်များကို ကာကွယ်တားဆီးရန်နှင့် ကူညီကယ်ဆယ်ရန်အတွက်ကြက်ခြေနီ စေတနာရှင်လူငယ်များက အင်တိုက်အားတိုက် ပါဝင်ကူညီလှုပ်ရှားကြတာဖြစ်ပါတယ်။

ကမ္ဘာ့ ရှေးဦးသူနာပြုစုခြင်းနေ့ကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ကြက်ခြေနီဗဟုသုတတွေနဲ့ ရှေးဦးပြုစုခြင်း ဘာသာရပ်တွေကို ပြည်သူအတွင်း သိရှိနားလည် ပြန့်ပွားသွားစေရန်နဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ အရည်အသွေးမြင့်မားပြီး အင်အားတိုးပွားလာစေရန်တို့ ဖြစ်ပါတယ်။

ရန်ကုန်တိုင်း ကြက်ခြေနီအသင်းအနေနဲ့ ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်း အထိမ်းအမှတ်နေ့တွင် ရှေးဦးပြုစုခြင်း၊ အခြေခံ၊ သာမန်၊ အဆင့်မြင့် သင်တန်းတွေ၊ ပြည်သူအတွင်း ရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းတွေ ဖွင့်လှစ်ခြင်း၊ စွမ်းရည်ပြိုင်ပွဲတွေ ကျင်းပခြင်း၊ ရာသက်ပန် အသင်းသားတွေ တိုးပွားရေး စည်းရုံးဆောင်ရွက်ခြင်း၊ ကြက်ခြေနီအကြောင်း သိကောင်းစရာ ဟောပြောခြင်း၊ ဆုပေးပွဲများကျင်းပခြင်း၊ ကြက်ခြေနီအသင်းနှင့် ပြည်သူတွေပူးပေါင်း၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်များရေးဆွဲပြီး ကြက်ခြေနီလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၀၃ ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အထိမ်းအမှတ်(မ)နှစ်ယောက်တွဲ စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်အနောက်ပိုင်းခရိုင်ကိုယ်စားပြု (စမ်းချောင်းမြို့နယ်)မှ မမြင့်မြင့်ထွေးနှင့် မသိဂီဝင်းတို့က ဆုရရှိခဲ့ရမှုအပေါ် ဝမ်းသာပီတိစကား ပြောကြားခဲ့ရာတွင်-

"သမီးတို့က ၁၉၉၄ ခုနှစ်မှာ ကြက်ခြေနီသင်တန်း စတက်ခဲ့ပြီး ကြက်ခြေနီလူမှုဝန်ထမ်းလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ရင်း ကြက်ခြေနီအသင်းဝင်ဖြစ်လာတာပါ။ ဆုရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး၊ ရတော့လည်း အတိုင်းမသိ ဝမ်းမြောက်မိပါတယ်။ နောင်ဆိုရင်လည်း ကြက်ခြေနီအသင်းရဲ့ လှုပ်ရှားမှုတွေမှာ ပိုမိုပါဝင်ဆောင်ရွက်သွားမှာပါ"ဟု ပြောကြားသွားသည်။

မမြင့်မြင့်ထွေးနှင့် မသိဂီဝင်း။ (ပထမဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု စမ်းချောင်းမြို့နယ်)

ထို့နောက် ၂၀၀၈ ခုနှစ် ရန်ကုန်တိုင်း ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အထိမ်းအမှတ်စွမ်းရည်ပြိုင်ပွဲ (ကျား) တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်ကိုယ်စားပြု ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ဦးဝေဖြိုးသော်ကလည်း "ကျွန်တော်က ၁၉၉၈ခုနှစ်ကတည်းက ကြက်ခြေနီတပ်ဖွဲ့ထဲကို ဝင်ရောက်ခဲ့ပါတယ်။ ကြက်ခြေနီတပ်ဖွဲ့ဝင်များရဲ့ လူမှုဝန်ထမ်းကိစ္စတွေနဲ့ ရှေးဦးပြုစုခြင်းတို့ကို စိတ်ဝင်စားတဲ့အတွက် ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ မုန်တိုင်းကာလတုန်းက ကျွန်တော်တို့ ပတ်ဝန်းကျင်ရှိ လေဘေးသင့် ပြည်သူတွေအတွက် နားခိုစရာ၊ စားသောက်စရာတွေ ရရှိအောင် ကူညီပံ့ပိုးခဲ့တဲ့နည်းတူ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ကြက်ခြေနီလုပ်ငန်းကို စိတ်ဝင်စားတဲ့ ညီအစ်ကိုမောင်နှမတွေကို ပြောလိုတာက ကြက်ခြေနီဆိုတာ လူမှုရေးလုပ်ငန်းကို အခြေခံပြီး မတူညီတဲ့ နေရာအသီးသီးက ဝင်

ဦးဝေဖြိုးသော် (ပထမဆု၊ ရန်ကုန်အရှေ့ပိုင်းခရိုင်)

ရောက်ခဲ့ကြတာဖြစ်ပါတယ်။ အကျိုးအမြတ်ကို မမျှော်ကိုးဘဲ လူမှုဝန်ထမ်းစိတ်ဓာတ်အပြည့်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု ပြောကြားသွားသည်။

မွန်မြတ်သော ကြက်ခြေနီလုပ်ငန်းများသည် မြန်မာနိုင်ငံရှိ လူမှုရေးစိတ်ဓာတ် အပြည့်အဝရှိသည့် ကြက်ခြေနီလူငယ်များ၏ စွမ်းအားကြောင့် အစဉ်တိုးတက်အောင်မြင်လျက်ရှိသည်။ မိမိတို့၏ မွန်မြတ်သောစေတနာဖြင့်လူ့ဘောင်လောကကို အလှဆင်နေသော ကြက်ခြေနီလူငယ်မောင်မယ်များ၏ လူမှုဝန်ထမ်း စိတ်ဓာတ်များသည် ၂၀၀၈ ခုနှစ် ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်း အထိမ်းအမှတ်နေ့မှစ၍ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။ ။

3D နှင့် Cool သွားတိုက်ဆေးတို့အား WHO မှ အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

Elan ကုမ္ပဏီလီမိတက်မှထုတ်လုပ်ဖြန့်ချိသော 3D နှင့် Cool သွားတိုက်ဆေးတို့အား WHO Collaborating Centre (Netherlands)မှ သွားနှင့်ခံတွင်းရောဂါ ကာကွယ်ပေးနိုင်သော Free available Fluoride လုံလောက်စွာပါဝင်သည့် သွားတိုက်ဆေးဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ခန်းမဆောင်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် WHO Collaborating Centre မှ Pro Wim Van Palenstein Helderman တို့က ပေးအပ်ချီးမြှင့်ကြသည်။

3D သွားတိုက်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စံချိန်စံညွှန်းများနှင့်အညီ SMFP +DCPP ပါရှိကာ Fluoride ပမာဏ တိတိကျကျ ထည့်သွင်းထုတ်လုပ်ထားသောကြောင့် သွားပိုးစားခြင်းကို ကာကွယ်ပေးပြီး တစ်နေ့နှစ်ကြိမ် ပုံမှန်တိုက်ပေးခြင်းဖြင့် သွားနှင့် သွားဖုံးရောဂါတို့ကို ထိရောက်စွာ ကြိုတင်ကာကွယ်နိုင်သည်။

ထို့အတူ Cool သွားတိုက်ဆေးသည်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စံချိန်စံညွှန်းများနှင့်အညီ (Sodium Fluoride) NaF-O.22 ရာခိုင်နှုန်းနှင့် Silica Gel ပါဝင်သည့်အတွက် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပြီး Micro Crystals ပါဝင်သည့်အတွက် သွားများကိုဖြူဖွေးသန့်စင်စေ၍ ခံတွင်းကို လန်းဆန်းသန့်ရှင်းစေသည်။

ထို့ကြောင့် Elan ကုမ္ပဏီလီမိတက်မှထုတ်လုပ်ဖြန့်ချိသော 3Dနှင့် Cool သွားတိုက်ဆေးတို့အား အပြည့်အဝယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဂရုဓမ္မ လမြတ်တော်သလင်း

တစ်ဆယ့်နှစ်ရာသီ	အလီလီတွင်
ရာသီတချို့	လတချို့မှာ
သာရကာသီကြွေး	ပန်းစုံမွှေးကာ
လွန်သာယာ၏	ရာသီတချို့
လတချို့ကား	မိုးသားတိမ်ပန်း
ယှက်သန်းလျှပ်နွယ်	သွယ်သွယ်ဖြာ၏
ရာသီတချို့	လတချို့၌
သွယ်ဝိုက်ရစ်ခွေ	မြစ်ရေဝန်းကာ
လှစုံဖြာ၏	ကညာရာသီ
ကန်ရာသီကား	နဒီမြစ်တွင်း
သင်ဖြူးခင်းလျက်	အင်ကြင်းယင်းမာ
ပန်းစုံစွာဖြင့်	သာရကာငှက်ကျေး
သီကြွေးဖုံဖုံ	သာမျိုးစုံသား
လများတကာ	ယှဉ်လာတုပြိုင်
မနိုင်တုကင်း	တော်သလင်းတည့်။
ဗုဒ္ဓမြတ်စွာ	ဘဂဝါသည်
တိုင်းမည်ကုရု	မြို့ဟုဏ္ဏနွ
ပတ္တန၏	ကောရဗျသားတော်
ဖြစ်သော်ကာလ	မွေရဆက်ခံ
နန်းစံသည့်ခါ	ညီကာဆယ်ပါး
မင်းကျင့်တရားနှင့်	ပြည်သားပြည်သူ
ကြည်ဖြူကျင့်ကြ	သီလငါးဖြာ
စောင့်ကာထိုထို	ကုသိုလ်ဒါန
မြတ်ပုညကြောင့်	ဝဿမိုးလေ
ဖြိုးဓွေဖြိုင်ဖြိုင်	ရွာသွန်းနိုင်ကာ
ချမ်းမြေ့သာကြောင်း	ငါးရာငါးဆယ်
နိပါတ်သွယ်ပြ	ကုရုဓမ္မဇာတ်
မြတ်တရားကို	ဟောကြားညွှန်ပြ
ဂရုဓမ္မ	မြတ်သီလ၏
လမြတ်သနင်း	တော်သလင်းတည့်။ ။

မိုးရန်နိုင်(ကျောက်ကြီး)

ပါကစ္စတန် နိုင်ငံတွင်းသို့ အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက်သည်ကို မကျေနပ်သည့်အတွက် ကန့်ကွက်ဆန္ဒပြနေကြသော မူလ်တန်အရပ်မှ ပြည်သူများကို စက်တင်ဘာ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကို ဝေဖန်သည့် ဗိုလ်ချုပ်ကြီးအား ပါကစ္စတန်ဝန်ကြီးချုပ်က ထောက်ခံအားပေး

အစ္စလာမ္မာဘတ် (ပါကစ္စတန်) စက်တင်ဘာ ၁၂

ပါကစ္စတန်၏စစ်ဘက်ဆိုင်ရာ အကြီးအကဲတစ်ဦးက အမေရိကန်ပြည်ထောင်စုအား ပြင်းထန်စွာ ပြစ်တင်ဝေဖန်မှုကို ဝန်ကြီးချုပ်က ကြာသပတေးနေ့၌ ထောက်ခံခဲ့သည်။ ယင်းလုပ်ရပ်ကြောင့် စက်တင်ဘာ ၁၁ ရက် အရေးအခင်းအပြီး အကြမ်းဖက်ဆန့်ကျင်ရေး၊ နှစ်နိုင်ငံမဟာမိတ်ဆက်ဆံရေး အခြေအနေသည် တင်းမာလာသည့် လက္ခဏာတစ်ရပ် ဖြစ်ပေါ်လာသည်ကို ပြသသည်။

အမေရိကန်သမ္မတဘုရှ်က ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန်စစ်ဘက်၏ စီးနင်းရှာဖွေမှုကို တိတ်တဆိတ်ထောက်ခံမှုကို ပါကစ္စတန်ပြည်သူလူထုက ဒေါသထွက်ခဲ့ကြသည်။

သမ္မတဘုရှ်က အထူးအမိန့်တစ်ရပ်ကို ထုတ်ပြန်ရန် လက်မှတ်ရေးထိုးခဲ့သည်ဟု ထောက်လှမ်းရေးတာဝန်ရှိ ပုဂ္ဂိုလ်ဟောင်း တစ်ဦးက အေပီသတင်းဌာနသို့ပြောကြားသည်။ ယင်းအမိန့်အရ အမေရိကန်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များကအာဖဂန်နယ်စပ်တစ်လျှောက်ရှိ အန္တရာယ် ကျရောက်ရာဒေသမှ အကြမ်းဖက်သမားများဟု သင်္ကာမကင်းဖြစ်ရသူများအား ပစ်မှတ်ထား တိုက်ခိုက်ရန် အခွင့်အာဏာသစ်တစ်ရပ် ပေးခဲ့သည်။ ပါကစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်ရာတွင် ပြည်ပတပ်ဖွဲ့ဝင်များ၏ အကူအညီမလိုအပ်ဟု ဗိုလ်ချုပ်ကြီး အက်ရှ်ဖက်ပါဗက်ဘေယာနီက ပြောကြားခဲ့သည်။

ဘေယာနီပြောကြားသည့်စကားလုံးများသည် ပါကစ္စတန်အစိုးရ၏ သဘောထားနှင့်မူဝါဒကိုရောင်ပြန်ဟပ်နေသည်ဟု ဝန်ကြီးချုပ်ယူဆွတ်ရာဇာဂီလာနီက ပြောကြားသည်။

အင်တာနက်။

ပြင်သစ်နိုင်ငံသား ဇနီးမောင်နှံ ပြန်လွှတ်ရန် ပြန်ပေးငွေဒေါ်လာ ၁ ဒသမ ၄ သန်း တောင်းဆို

နိုင်ရိုဘီ စက်တင်ဘာ ၁၂

ပြီးခဲ့သော ရက်သတ္တပတ်က ဆိုမာလီယာမြောက်ပိုင်းတွင် ပြင်သစ်နိုင်ငံသားနှစ်ဦးအား ပင်လယ်ဓားပြများကပြန်ပေးဆွဲသွားခဲ့ပြီးပြန်ပေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းနှင့် ဖမ်းဆီးထားသည့် ပင်လယ်ဓားပြ ခေါင်းဆောင်ဦးအား ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း ပင်လယ်ရေကြောင်း သွားလာရေးအဖွဲ့က စက်တင်ဘာ၁၀ရက်တွင် ပြောကြားသည်။

အဖမ်းခံထားရသည့် ပြင်သစ်လူမျိုး သင်္ဘောသား ဂျမ်းရိ(ဗ်)ဒီလာနီနှင့် ၎င်း၏ဇနီး ဘာနာဒီတီတို့ ပြောကြားချက်အရ ယခုအခါ ပင်လယ်ဓားပြများသည် အာဖရိကဦးချိုဒေသ ဥပဒေမဲ့ ပင်လယ်ရေကြောင်းတွင် နောက်ထပ် ပင်လယ်ဓားပြ တိုက်နိုင်ရန်အတွက် ၎င်းတို့ ဇနီးမောင်နှံ၏ရွက်လှေကို အသုံးပြုလျက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

ဆိုမာလီမှ တိုက်ရိုက်ထွက်ပေါ်လာသည့် သတင်းအရ ပြန်ပေးဆွဲခံရသူများကို ဆိုမာလီကမ်းရိုးတန်းအနီး အလူလာဒေသတွင် ချထားခဲ့ပြီးနောက် အခြားပင်လယ်ဓားပြများက ပုန်းခိုရာ ဇာဘိုတောင်တန်းသို့ အတင်းအဓမ္မ ခေါ်ဆောင်သွားကြောင်း ကင်ရာအခြေစိုက်ရေကြောင်း သွားလာရေးအဖွဲ့က ပြောကြားသည်။ ၎င်းပြန်ပေးဆွဲသမားများသည် ထိုပြင်သစ်ဇနီးမောင်နှံကို ပြန်လွှတ်ပေးရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း တောင်းဆိုခဲ့ကြောင်း သိရသည်။

ထို့ပြင် ဧပြီလအတွင်းက ပြင်သစ်ကွန်မန်ဒိုတပ်ဖွဲ့ဝင်များသည် ပြန်ပေးဆွဲခံရသည့် ပြင်သစ်ရွက်လှေကို ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်စဉ်က ဖမ်းဆီးမိသော ဆိုမာလီ ပင်လယ်ဓားပြခေါင်းဆောင်ဦးကိုလည်း ပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

စစ်သွေးကြွများ ဒုံးကျည်ပစ်ခံရမှုကြောင့် ရှစ်ဦး သေဆုံး

အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၂

အာဖဂန်နယ်စပ်အနီးရှိ စစ်သွေးကြွများ၏ ခြေကုပ်စခန်းတစ်ခုတွင် သောကြာနေ့က အမေရိကန်စစ်ဘက်မှ ပစ်လိုက်သည်ဟု ယူဆရသော ဒုံးကျည်ပေါက်ကွဲရာ လူရှစ်ဦးသေဆုံးကြောင်း ပါကစ္စတန် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မြောက်ပိုင်းဝါဇီရစ္စတန်ပြည်နယ်ရှိ အထင်ကရမြို့ဖြစ်သည့် မီရန်ရှာ အနီး အရုဏ်မကျင်းမီ ဒုံးကျည်ဖြင့် အပစ်ခံရသည်ဟု ထောက်လှမ်းရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် နှစ်ဦးတို့က အေပီသတင်းဌာနသို့ပြောကြားသည်။ သေဆုံးခဲ့သည့် လူရှစ်ဦးနှင့် ဒဏ်ရာရရှိသူ အခြားငါးဦးတို့သည် မည်သူမည်ဝါမှန်း သဲသဲကွဲကွဲမသိရသေးပေ။

အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် ပါကစ္စတန်နယ်စပ်ဒေသတွင် ခိုအောင်းနေသည့် တာလီဘန်ခြောက်ကျားများနှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများအား အရှိန်မြှင့် တိုက်ခိုက်လျက်ရှိသည်။

စစ်ဘက်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ဖော်ပြပါ ဒုံးကျည်တိုက်ခိုက်မှု မှန်ကန်ကြောင်း အတည်ပြုပြောကြားသည်။ သို့ရာတွင် သေဆုံးသူ ရှိ၊ မရှိ သတင်းမရသေးဟု ၎င်းက ပြောကြားသည်။

အင်တာနက်။

ဂျပန်နိုင်ငံ တိုကျိုမြို့ ဒစ္စနေလန်းဒ် အပန်းဖြေဥယျာဉ်တွင် ပျော်ပွဲရွှင်ပွဲ အခမ်းအနား ကျင်းပနေသည်ကို စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ပြည်သူ ၆၄ သန်း ညစ်ညမ်းသည့်ရေများ သောက်သုံးနေရ

ဝါရှင်တန် စက်တင်ဘာ ၁၂

အမေရိကန်မြို့ကြီးများမှ ပြည်သူအများစုသည် သောက်ရေကိုစမ်းသပ်မှုမရှိဘဲ သောက်သုံးနေကြသည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံသူ၊ နိုင်ငံသား ၄၆သန်းကျော်သည် သောက်သုံးရေတွင် ဆေးဝါးများ ပါဝင်နေသည့် မသန့်ရှင်းသောရေကို သုံးစွဲနေကြရကြောင်းလေ့လာချက်တစ်ခုကဖော်ပြသည်။ ထိုကိန်းဂဏန်းသည် ယခင်က မျှော်မှန်းထားသည့်အရေအတွက်ထက်ပင် ပိုမိုများပြားနေသည်။

အမေရိကန်ပြည်ထောင်စုရှိ မြစ်ချောင်းများတွင် ဆေးဝါးများ ပေါင်းစပ်ပါဝင်လျက်ရှိမှုအပေါ် စုံစမ်းမှုပြုလုပ်ရာ အေပီသတင်းဌာနက အမေရိကန်လူဦးရေ၄၁ သန်းသည် သောက်ရေ မသန့်ရှင်းသည့်ဆိုးကျိုးကို ခံစားနေရသည်ဟုဆိုသည်။ ယခုအခါ ထိုရေကိုသုံးစွဲနေရသူဦးရေမှာ၄၆သန်းအထိ မြင့်တက်လာခဲ့ပြီဖြစ်သည်။

အေပီသတင်းဌာနကယင်းပြဿနာနှင့်ပတ်သက်၍ သတင်းဖြန့်ချိခဲ့ရာမှ နိုင်ငံနှင့်ဒေသဆိုင်ရာ ကြားနာမှုပြုလုပ်ပြီး စမ်းသပ်မှု ပြုလုပ်ရန်နှင့် ထုတ်ဖော်ကြေညာရန် အခြေအနေဆိုက်ရောက်လာခဲ့သည်။ မြို့ ၂၇မြို့မှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ၎င်းတို့ သောက်သုံးနေသည့် သောက်ရေကို ခွဲခြမ်းစိတ်ဖြာရန် စေခိုင်းခဲ့သည်။ ရီနို၊ ဆာဗန်နား၊ ကိုလိုရာဒိုစပရင်းနှင့် ဟန့်စဗီးဒေသအပါအဝင် ဒေသ ၁၇ ခုတွင် သောက်ရေ ညစ်ညမ်းမှုရှိနေသည်ကို စမ်းသပ်မှုများအရ သိရသည်။

အင်တာနက်။

အမေရိကန်နိုင်ငံ ဂါလ်ဖ်ကို့စ်ကမ်းခြေဒေသသို့ အိုက်ခ်ဟာရီကိန်းမုန်တိုင်း ချဉ်းကပ်လာသဖြင့် ယင်းဒေသနေပြည်သူများ ဘေးလွတ်ရာသို့ မော်တော်ယာဉ်များဖြင့် ရှောင်ပြေးကြသည်ကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ရေလက်ကြားဥမင်လိုဏ်ခေါင်းအတွင်း မီးလောင်မှုဖြစ်ပွား ရထားခရီးစဉ်များ ရပ်ဆိုင်းရ

ပဲရစ် စက်တင်ဘာ ၁၂

ပြင်သစ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အကြား ဆက်သွယ်ထားသော ရေလက်ကြားအောက်တွင် ဖောက်လုပ်ထားသည့် ဥမင်လိုဏ်ခေါင်းအတွင်း၌ ကြာသပတေးနေ့က ထရပ်ကားတစ်စီး မီးလောင်ရာ ရထားခရီးစဉ်များအားလုံး ရပ်ဆိုင်းထားလိုက်ရသည်ဟု ဥမင်လိုဏ်ခေါင်း စီမံခန့်ခွဲသူများက ပြောကြားသည်။ အဆိုပါ မီးလောင်မှုကြောင့် တစ်စုံတစ်ယောက်မျှ သေဆုံးခြင်း မရှိကြောင်း၊ နောက်တွဲ ယာဉ်ပေါ်၌ တင်ဆောင်လာသော ထရပ်ကားမောင်းသူ ၃၂ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းရေလက်ကြား ဥမင်လိုဏ်ခေါင်းသည် ကီလိုမီတာ ၅၀ (မိုင်၃၀) ခန့် ရှည်လျားပြီး ပြင်သစ်နှင့် ဗြိတိန်ကို ဆက်သွယ်ထားခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံဘက်မှ ဥမင်လိုဏ်ခေါင်းအတွင်းသို့အဝင် ၁၁ ကီလိုမီတာ (ငါးမိုင်)ခန့်၌ မီးလောင်မှု စတင်ဖြစ်ပွားခြင်းဖြစ်သည်။

ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ အသုံးပြုသည့် အဆိပ်ဖြစ်စေတတ်သော ပိုးသတ်ဆေး ကာဘောလစ်ဆီများ သယ်ဆောင်လာသော ကုန်တင်ကားတစ်စီးမှ စတင်မီးလောင်မှု ဖြစ်ပွားခဲ့သည်ဟု ပြင်သစ် ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားမဟာဗျူဟာ ဗုံးကြဲလေယာဉ်များ ဗင်နီဇွဲလားနိုင်ငံသို့ ရောက်ရှိ

ကာရာကက်စ် စက်တင်ဘာ ၁၂

ရုရှားနိုင်ငံလေတပ်မှ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များဖြစ်သော တီယူ-၁၆၀လေယာဉ်ကြီးနှစ်စင်းသည်ဗင်နီဇွဲလားနိုင်ငံသို့ စက်တင်ဘာ ၁၀ ရက်တွင်ဆိုက်ရောက်လာကြောင်း သမ္မတဟူဂိုချားဗက်စ်က ပြောကြားသည်။

ထိုလေယာဉ်များသည် လေ့ကျင့်မှုများပြုလုပ်ရန် ဆိုက်ရောက်လာခြင်းဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတက ဆက်လက်ပြောကြားသည်။

အသံထက်မြန်အောင် ပျံသန်းနိုင်သည့် တီယူ-၁၆၀ မဟာဗျူဟာဗုံးကြဲလေယာဉ်ကြီးများသည် ဗင်နီဇွဲလားနိုင်ငံသို့ မလာရောက်သည်မှာ ကြာပြီဖြစ်ပြီး ယခုမှ ပြန်လည်ဆိုက်ရောက်လာခြင်းဖြစ်ကြောင်း ကာရာကက်စ်မြို့အနောက်ပိုင်းရှိ ဖလောရီဒီကာတီးယား ဆေးပညာဌာနဖွင့်ပွဲတွင် သမ္မတက ထည့်သွင်းပြောကြားသွားခြင်းဖြစ်သည်။ **အင်တာနက်။**

မိုဆူးလ်မြို့ မြောက်ပိုင်း၌ အသေခံဗုံးပေါက်ကွဲ အရပ်သား သုံးဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိ

စင်ဂျာ စက်တင်ဘာ ၁၃

အီရတ်နိုင်ငံ မိုဆူးလ်မြို့ အနောက်ပိုင်းတွင် စက်တင်ဘာ ၁၂ ရက်က အသေခံဗုံးပေါက်ကွဲမှုကြောင့် အရပ်သားသုံးဦး သေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့များက ဝန်းရံစောင့်ကြပ်ပြီး ဒဏ်ရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

တည်ရှိ

မိုဆူးလ်မြို့သည် နင်နီးဗား ပြည်နယ် ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာ၌ တည်ရှိပြီး အီရတ်နိုင်ငံအတွင်း အယ်လ်ခိုင်ဒါစစ်သွေးကြွများ ကြီးစိုးရာဒေသ တစ်ခုလည်းဖြစ်သည်။

အင်တာနက်။

အာဖဂန်နစ္စတန်၌ ချောင်းပစ်ခံရ၍ ဗြိတိန်တပ်ဖွဲ့ဝင်သေဆုံး

လန်ဒန် စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ်တောင်ပိုင်းတွင် စက်တင်ဘာ၁၂ရက်က ချောင်းမြောင်းပစ်ခတ်ခံရမှုကြောင့် ဗြိတိန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်သည် ကင်းလှည့်နေစဉ် ပစ်ခတ်ခံရပြီး ၎င်း၏အမည်ကို ဖော်ပြခြင်းမရှိကြောင်းသိရသည်။

အမေရိကန်ဦးဆောင်သောကျူးကျော်စစ်ဖြစ်ပွားပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိန်တပ်ဖွဲ့ဝင်သေဆုံးသူ ၁၁၉ဦးရှိကြောင်းသိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိန်တပ်ဖွဲ့ဝင် ၇၈၀၀ တပ်ဖြန့်ချထားပြီး အများစုမှာ ဟဲလ်မန့်ပြည်နယ်တွင် ရှိသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်တွင် တိုက်ပွဲဖြစ်ပွား စစ်သွေးကြွ ၁၀ ဦးသေဆုံး

ကဘူး စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား တိုက်ပွဲဖြစ်ပွားရာ စစ်သွေးကြွ ၁၀ဦးထက်မနည်း သေဆုံးပြီး၊ နှစ်ဦး ဖမ်းမိခဲ့သည်ဟု နိုင်ငံစုံတပ်ဖွဲ့ကသောကြာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

စစ်သွေးကြွများတပ်စွဲထားရာ ကက်ပ်ပီဆာပြည်နယ်မြောက်ပိုင်းတာဂတ်ဒေသအား နိုင်ငံစုံတပ်ဖွဲ့က ကြာသပတေးနေ့တွင် ဝင်ရောက်စီးနင်းခဲ့ပြီး လမ်းဘေးဗုံးပေါက်ကွဲမှုများတွင် ပါဝင်သူ စစ်သွေးကြွ အကြီးအကဲတစ်ဦး အပါအဝင်စစ်သွေးကြွများကို သုတ်သင်နိုင်ခဲ့ကြောင်း ယင်းတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသည်။

စစ်သွေးကြွများပါဝင်သည့် ပူးပေါင်းအဖွဲ့က မိမိတို့အား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ မိမိတို့ဘက်မှ ပြန်လည်ပစ်ခတ်မှုကြောင့် စစ်သွေးကြွများသေဆုံးခြင်းဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဟာဘီဘီရာခရိုင်၌ လမ်းဘေးဗုံးဖြင့်တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးနေသောယာဉ်ကို စက်တင်ဘာ ၁၁ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်အနောက်တောင်ပိုင်းတွင် အမေရိကန်လုံခြုံရေးတပ်ဖွဲ့ ယာဉ်တန်း တိုက်ခိုက်ခံရ

ကဘူး စက်တင်ဘာ ၁၂

အာဖဂန်နစ္စတန်အနောက်တောင်ပိုင်း၌ သောကြာနေ့တွင် အမေရိကန်လုံခြုံရေးတပ်ဖွဲ့များ လိုက်ပါလာသည့် ယာဉ်တန်းကို တာလီဘန်စစ်သွေးကြွများက ရုတ်တရက်ဝင်ရောက် တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၂၃ဦးသေဆုံးခဲ့ရကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။ ယင်းဖြစ်ရပ်သည် ဒုတိယမြောက်တိုက်ခိုက်ခံရမှုဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၀၁ ခုနှစ်မှစတင်ကာ အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ ယခုအချိန်တွင် အဆိုးရွားဆုံးအခြေအနေသို့ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုများကြောင့်လူ၂၇၀၀ ကျော်သေဆုံးခဲ့ရပြီး သေဆုံးသူများတွင် အရပ်သားဦးရေ ၁၁၀၀ပါဝင်ကြောင်း သိရှိရသည်။

အင်တာနက်။

ဆာလာဟူဒင်ပြည်နယ်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ အရပ်သား ၂၇ ဦးသေဆုံး၊ ၄၀ ခန့်ဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၁၃

အီရတ်နိုင်ငံ ဆာလာဟူဒင် ပြည်နယ် မြောက်ပိုင်းတွင် စက်တင်ဘာ ၁၂ရက် ညနေပိုင်းက ရဲစခန်းကို ပစ်မှတ်ထားပြီး အသေခံဗုံး ဖောက်ခွဲမှုကြောင့် အနည်းဆုံး ၂၇ ဦး သေဆုံးပြီး ၄၀ ခန့် ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၇၀ခန့် အကွာရှိ ဒူဂျေးမြို့ ရဲစခန်းအနီး ညနေ ၆ နာရီခန့်က ကားဗုံးဖြင့် တိုက်ခိုက်မှုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရဲစခန်းသည် စည်ကားသောဈေးအနီး၌ ရှိသဖြင့် သေကျေဒဏ်ရာရရှိသူအများစုမှာ အရပ်သားများဖြစ်ကြောင်း သိရှိရသည်။

အင်တာနက်။

အာဖဂန်နစ္စတန်၌ဗုံးပေါက်ကွဲ ပြည်နယ်အုပ်ချုပ်ရေးမှူးသေဆုံး

ကဘူး စက်တင်ဘာ ၁၃

အာဖဂန်ပြည်နယ်အုပ်ချုပ်ရေးမှူး နေအိမ်အနီးတွင် ဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားရာ အာဖဂန်ပြည်နယ် အုပ်ချုပ်ရေးမှူး သေဆုံးကြောင်း တာဝန်ရှိသူက စနေနေ့တွင် ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက လိုဂါပြည်နယ် အုပ်ချုပ်ရေးမှူး အဗ္ဗဒူလာဝါဒတ်ခ်နှင့် ၎င်း၏ အစောင့်တစ်ဦးတို့ ဗုံးဖြင့် တိုက်ခိုက်ခံရခြင်းကြောင့် စက်တင်ဘာ ၁၃ရက်တွင် သေဆုံးခဲ့သည်ဟု ပြောကြားသည်။

အစိုးရအဖွဲ့ဟောင်း ဝါဒတ်ခ်သည် နောက်ပိုင်းတွင် ကဘူးမြို့သို့ ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် လျာထားခံရသူဖြစ်သည်။

စစ်သွေးကြွများသည် အာဖဂန်အစိုးရကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အစိုးရအကြီးအကဲများအား မကြာခဏ ပစ်မှတ်ထားလေ့ရှိသည်ဟုသိရသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့အနောက်ဘက် ပက်ချ်မန်းဒေသတွင် ဗုံးဖောက်ခွဲခံရသည့် လိုဂါပြည်နယ်အုပ်ချုပ်ရေးမှူး၏ ယာဉ်အပျက်အစီးကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘာဝဘေးဆိုင်ရာ သတင်းများ

အီရတ်မြောက်ပိုင်း၌ ရေကြီးမှုဖြစ်ပွား သုံးဦးသေဆုံး၊ အိမ်အများအပြားပျက်စီး

အာဘယ်လ်(အီရတ်) စက်တင်ဘာ ၁၂

အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ္စတန်ဒေသ အစွန်ပိုင်းတွင် ရေကြီးခဲ့မှုကြောင့်လူသုံးဦးသေဆုံးပြီးအိမ်ခြေ၁၀၀ပျက်စီးကာ၊ရေတိုက်စားမှုကြောင့် တံတားနှစ်စင်း မျောပါသွားကြောင်း ပြည်တွင်းကောင်စီ အကြီးအကဲက ကြာသပတေးနေ့တွင် ပြောကြားသည်။ **(အောက်ပုံ)**

ယင်းဒေသသို့သွားလာသည့်လမ်းများမှာရေကြီးမှုဖြစ်ပွားခြင်းကြောင့် အကူအညီပေးရန် အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ စက်တင်ဘာ ၁၀ ရက်က ပြောကြားသည်။

ရေတိုက်စားမှုကြောင့် အီရန်နယ်စပ်အနီး တောင်ထူထပ်ရာဒေသရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအချို့လည်း ပျက်စီးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံအနောက်ပိုင်းတွင် အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ပေကျင်း စက်တင်ဘာ ၁၂

တရုတ်နိုင်ငံ အနောက်ပိုင်းတွင် စက်တင်ဘာ ၁၂ရက် နံနက် ၁နာရီ ၃၈ မိနစ်က ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိသော ငလျင်လှုပ်သွားကြောင်း အမျိုးသားမြေငလျင်ဌာနက ပြောကြားသည်။

အဆိုပါဒေသသည် စီချွမ်ပြည်နယ်အနောက်တောင်ပိုင်း ကွမ်ကျူးမြို့ ကွီချန်စီရင်စု၊ ကန်ဆူပြည်နယ်အနောက်မြောက်ပိုင်း လုံနန်မြို့ ဝူဒူခရိုင်နှင့် ရှန်ဇီပြည်နယ်အနောက်မြောက်ပိုင်း ဟန်ကျိုးမြို့ နန်ကွမ်စီရင်စုတို့နှင့် ထိစပ်တည်ရှိသည်။

သေကျေဒဏ်ရာရရှိမှုများကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်လာကူ တိုင်ဖွန်းမုန်တိုင်း အားကောင်းလာ တရုတ်တိုင်ပေသို့ တိုက်ခတ်ရန် ဦးတည်နေ

ပေကျင်း စက်တင်ဘာ ၁၂

စင်လာကူအမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် စနေနေ့ (သို့မဟုတ်) တနင်္ဂနွေနေ့တွင် တိုင်ပေကျွန်း၏ အရှေ့မြောက်ဘက်ဒေသများသို့ ရောက်ရှိနိုင်ကြောင်း တရုတ်နိုင်ငံမိုးလေဝသဗျူရို တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။ ၎င်းသည် ယခုနှစ်အတွင်း (၁၃)ကြိမ်မြောက် အပူပိုင်းမုန်တိုင်းဖြစ်သည်။

ယင်းမုန်တိုင်းသည် စက်တင်ဘာ ၁၀ ရက်၌ တိုင်ဖွန်းမုန်တိုင်းအသွင် အားကောင်းလာပြီး စက်တင်ဘာ ၁၁ ရက် နံနက် ၁၀နာရီတွင် တိုင်ပေကျွန်း ဟန်ချွန်းမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၉၀ ခန့်အကွာ၌ ရောက်ရှိကာ တစ်နာရီ ကီလိုမီတာ ၁၈၀ နှုန်းဖြင့် တိုက်ခတ်နေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံမြောက်ပိုင်း၌ ရွှံ့ကျောက်တုံးများ ပြိုကျမှုကြောင့် သေဆုံးသူ ၁၅၁ ဦး ထိရှိလာ

တိုင်ယန် စက်တင်ဘာ ၁၂

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ်တွင် မိုးသည်းထန်မှုကြောင့် ရွှံ့ကျောက်တုံးများ ပြိုကျခဲ့ရာ စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းထိ သေဆုံးသူ ၁၅၁ ဦးရှိလာပြီး ၃၅ ဦးဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးအဖွဲ့က လုပ်ငန်းခွင် စီမံရေးဌာန၊ ရှန်ဇီပြည်နယ်ဆိုင်ရာ အုပ်ချုပ်ရေးဌာန၊ ကြီးကြပ်ရေးဝန်ကြီးဌာန၊ လယ်ယာနှင့်အရင်းအမြစ်ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံကုန်သွယ်ရေးသမဂ္ဂအားလုံးမှ တာဝန်ရှိသူများအပါအဝင် မတော်တဆမှု စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့ကို လုပ်ငန်းခွင်လုံခြုံမှုစီမံရေးဌာန ညွှန်ကြားရေးမှူး ဝမ်ဇူက ဦးဆောင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒုလ္လဘာ-၅ပါး

ကထိကရဟန်း

ဤဒုလ္လဘတရား ၅-ပါးကို ကြားဖူးကြသူတွေများသော်လည်း အဓိပ္ပာယ် အမှန်သိသူကား နည်း၏။ ဤဒုလ္လဘတရား၅-ပါးကို ခြေခြေ မြစ်မြစ် သိနိုင်ဖို့အတွက် ရှေးဦးစွာ ဗုဒ္ဓကိစ္စ ၅-ပါးကို သိထားရပေမည်။ ထို့နောက် ဤဒုလ္လဘတရား ၅-ပါးကို အဘယ်ပုဂ္ဂိုလ်တို့အား ဟောသည်။ အဘယ်ပုဂ္ဂိုလ်တို့အတွက် ဟောခဲ့သည်ကို သိရပေမည်။ သို့မှ ဤဒုလ္လဘတရား ၅-ပါး၏ အဓိပ္ပာယ်ကို ပြည့်ပြည့်စုံစုံ သိနိုင်ပေမည်။

ဗုဒ္ဓကိစ္စ

ဘုရားကိုယ်တော်မြတ်သည် ဤဗုဒ္ဓကိစ္စ ၅-ပါးကို ဘုရားဖြစ်တော်မူချိန်မှစ၍ ပရိနိဗ္ဗာန်စံတော်မူသည်အထိ ဆောင်ရွက်တော်မူသည်။ ထိုဗုဒ္ဓကိစ္စ ၅ ပါးမှာ-

၁။ ပုရေဘတ္တကိစ္စ - နံနက်မျက်နှာသစ်တော်မူပြီးကာလမှ ဆွမ်းစားပြီးသည်အထိ ဆောင်ရွက်တော်မူမြဲကိစ္စ

၂။ ပစ္ဆာဘတ္တကိစ္စ - ဆွမ်းကိစ္စပြီးသည့်နောက် နေမဝင်မီအတွင်း ဆောင်ရွက်တော်မူမြဲကိစ္စ

၃။ ပုရိမယာမကိစ္စ - နေဝင်ချိန်မှ ညဉ့်ဦးကာလအတွင်း ဆောင်ရွက်တော်မူမြဲကိစ္စ
(ညနေ ၆နာရီမှ ၁၀နာရီခန့်အထိ)

၄။ မဇ္ဈိမယာမကိစ္စ - ညဉ့်လယ်ကာလ၌ ဆောင်ရွက်တော်မူမြဲကိစ္စ
(ညဉ့်၁၀နာရီခန့်မှ နံနက်၂နာရီခန့်အထိ)

၅။ ပစ္ဆိမယာမကိစ္စ - ညဉ့်ရဲ့ နောက်ဆုံးယာမ်၌ ဆောင်ရွက်တော် မူမြဲကိစ္စ
(နံနက်၂နာရီခန့်မှ ၆နာရီခန့်အထိ)တို့ဖြစ်သည်။

ဤသို့ ဗုဒ္ဓကိစ္စ ၅-ပါးကို သိကြပြီးသည့်နောက် ဒီဒုလ္လဘတရား ၅-ပါးကို အဘယ်ပုဂ္ဂိုလ်တို့အား ဟောခဲ့သည်။ မည်သည့်ပုဂ္ဂိုလ်တို့ အတွက် ရည်မှန်းဟောခဲ့သည်တို့ကို စိစစ်ရမည်။ ဤသို့စိစစ်သောအခါ သဟမ္ပတိ ဗြဟ္မာမင်းက ဘုရားရှင်အား တရားဟောရန် လျှောက်ထားသောအခါ ဗုဒ္ဓက တရားဟောရန် ပြန်ကြားတော်မူသည့်-

အပါရုတာ တေသံ အမတဿဒွါရာ၊

ယေသောတဝန္တော ပမုဉ္စန္တုသဒ္ဓံ-ဟူသော ပါဠိတော်ကို ထောက်လျှင် နိဗ္ဗာန်တံခါးဖွင့်သော ဒေသနာမှန်က တိဟိတ်ပုဂ္ဂိုလ်ကြီးများကိုသာ ရည်ညွှန်းဟောသည်ကို သိနိုင်၏။ နိဗ္ဗာန်တံခါးဖွင့်နိုင်သည့် ပုဂ္ဂိုလ်တွေမှာ-

(၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ် = အကျဉ်းချုပ်ညွှန်ပြရုံဖြင့် သစ္စာဉာဏ်ပွင့်နိုင်သည့် ပုဂ္ဂိုလ်ကြီးများ
(ဥပတိဿနှင့် ကောလိတလို ပုဂ္ဂိုလ်မျိုး)

(၂) ဝိပဉ္စိတညူပုဂ္ဂိုလ် = အကျယ်ချဲ့ဖွင့်ရှင်းလင်းဟောမှ သစ္စာဉာဏ် ပွင့်သည့် ပုဂ္ဂိုလ်မျိုး
(ပဉ္စဝဂ္ဂီငါးဦးအနက်မှ အရှင်ကောဏ္ဍညလို ပုဂ္ဂိုလ်မျိုး)

(၃) နေယျပုဂ္ဂိုလ် = တရားနာယူပြီး လက်တွေ့ကျင့်သုံးမှ သစ္စာဉာဏ် ပွင့်သည့်ပုဂ္ဂိုလ်မျိုး

ဆိုခဲ့ပြီးသော ပုဂ္ဂိုလ်(၃)မျိုးတို့တွင် ဤဒုလ္လဘဒေသနာတော်သည် နံပါတ်(၃)ပုဂ္ဂိုလ်မျိုးများအတွက် ဟောအပ်သော ဒေသနာဖြစ်သည်။

ဤဒုလ္လဘဒေသနာတော်ကို ဗုဒ္ဓကိုယ်တော်မြတ်သည် ပုရေဘတ္တ ကိစ္စ အပြီး ပစ္ဆာဘတ္တကိစ္စကို စတင်ဆောင်ရွက်တော်မူသည့်အနေဖြင့် ဟောတော်မူအပ်သော ဒေသနာဖြစ်သည်။

ဗုဒ္ဓကိုယ်တော်မြတ် ဂန္ဓကုဋီတိုက်တော်မှာ နံနက်မျက်နှာတော်သစ်ပြီး ဆွမ်းခံကြွရမည့်အချိန်ကို စောင့်တော်မူသည်။ ဆွမ်းခံချိန် ရောက်ပြီဖြစ်လျှင် သင်းပိုင်ကို ပြင်ဝတ်တော်မူပြီး ခါးပန်းတော်ကို ပန်းတော်မူသည်။ သင်္ကန်းတော်ကို ရုံတော်မူပြီး သပိတ်တော်ကိုပိုက်ကာ ရံခါ တစ်ပါးတည်း၊ ရံခါ ရဟန်းသံဃာခြံရံတော်မူပြီး ဆွမ်းခံဝင်တော်မူသည်။ တစ်ခါတစ်ရံ ပကတိအခြေအနေနဲ့ ဝင်တော်မူပြီး တစ်ခါတစ်ရံ တန်ခိုးပြာဋိဟာတို့ဖြင့် ဝင်တော်မူသည်။

ဆွမ်းခံဝင်ပုံမှာ

ဗုဒ္ဓဆွမ်းခံ ဝင်တော့မည်ဆိုလျှင် ဗုဒ္ဓကြွတော်မူမည့် လမ်းတစ်လျှောက်မှာ လေနုနုလေးတိုက်ပြီး အမှိုက်များရှင်းလင်းသည်။ ထို့နောက် မိုးဖွဲဖွဲကလေး ဖုန်သိပ်ရုံရွာပေးသည်။ ကြွတော်မူမည့်လမ်းတစ်လျှောက် နေမပူစေရန် တိမ်တိုက်ကလေးတွေက မျက်နှာကြက်ကဲ့သို့ မိုးပေးထားသည်။ ထို့နောက် ပန်းမျိုးစုံ သယ်ဆောင်လာသည့် လေနုကလေးတိုက်လာပြီး ကြွတော်မူမည့် လမ်းတစ်လျှောက်မှာ ပန်းတွေ ကြဲပေးသည်။ လမ်းမှာမြင့်သည့်နေရာတွေက နိမ့်ပေး၊ နိမ့်သည့်နေရာတွေက မြင့်လာပြီး လမ်းမြေညီလာသည်။ ဗုဒ္ဓကိုယ်တော်မြတ် ကျောင်းတော်မှကြွလာပြီး မြို့တံခါး(သို့)ရွာတံခါး ဝင်လိုက်သည်နှင့် ရောင်ခြည်တော်ခြောက်သွယ်တို့ အပြိုင်အဆိုင် ကွန့်မြူးထွက်ကြွလာပြီး တိုက်၊ အိမ်၊ ပြာသာဒ် စသည်တို့မှာ ရွှေရောင်လွှမ်းသွားသည်။ ဟိုမှသည်မှ ကွန့်မြူးကြသည်။ ဆင်၊ မြင်း၊ ငှက် စသော သတ္တဝါတို့ကလည်း မိမိတို့နေရာမှ ကြည်ညိုသဒ္ဓါစိတ်ဖြင့် ချိုသာသောအသံတို့ကို မြည်တွန်ကြသည်။ စည်း၊ စောင်းစသော တူရိယာတို့နှင့် လူတို့ဝတ်ဆင်ထားသော နားဆွဲ စသော တန်ဆာတို့ကပါ သာယာသောအသံများ ထွက်ပေါ်လာကြသည်။

ဤကဲ့သို့ အခြေအနေဖြစ်ပေါ်လာသည့်အတွက် လူတွေက ဗုဒ္ဓဆွမ်းခံ ကြွတော်မူပြီလို့ သိကြပြီး ဗုဒ္ဓကြွမည့်လမ်းမသို့ အသီးသီး ထွက်လာကြကာ လောင်းလှူရန်အသင့်စောင့်ကြိုနေကြသည်။ ထိုအခါ ဗုဒ္ဓကိုယ်တော်မြတ်သည် အတုမရှိသော ဗုဒ္ဓအသရေတော်ဖြင့် ကြွတော်မူလာရာ ခြေတော်ချလိုက်သည်နှင့် ပဒုမ္မာကြာပန်းကြီးများ ထွက်ပေါ်လာကာ ခံယူကြကုန်၏။ လူတို့သည် ရိုသေစွာ ပူဇော်ကြပြီး တပည့်တော်တို့အိမ် ၁၀ ပါးကြွပါ။ တပည့်တော်တို့အိမ် အပါး ၂၀ ကြွပါ စသည်ဖြင့် ပင့်ကြကာ ဆွမ်းကပ်လှူကြ၏။

ဗုဒ္ဓကိုယ်တော်မြတ် ဆွမ်းကိစ္စပြီးသည့်အခါ ပြန်ကြွလာပြီး ဂန္ဓကုဋီ ကျောင်းတော်သို့ မဝင်သေးဘဲ ဂန္ဓကုဋီကျောင်းတော်၏ အနီးမှာရှိသော တန်ဆောင်းဝင်းမှာ ရဟန်းတို့ဆွမ်းကိစ္စအပြီး ပြန်ကြွလာချိန်ကို စောင့်တော်မူသည်။ အလုပ်အကျွေးရဟန်းက ရဟန်းများဆွမ်းကိစ္စပြီး၍ ကျောင်းတော်အရောက် စုံညီပါကြောင်း လျှောက်သောအခါ ဂန္ဓကုဋီကျောင်းတော် လှေကားအနီးမှာ ခြေဆေးတော်မူကာ ဂန္ဓကုဋီကျောင်းတော်သို့ တက်ကြွတော်မူပြီး ရဟန်းများအလာ စောင့်တော်မူသည်။

ရဟန်းများရောက်လာသောအခါ ရဟန်းတို့က ရှုပွားရမည့် ကမ္မဋ္ဌာန်းကို မေးလျှောက်ကြ၏။

ဗုဒ္ဓသည် ထိုရဟန်းတို့အား စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူပြီး-

"ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊
ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါလောကသ္မိံ၊ ဒုလ္လဘော မနုဿတ္တပဋိလာဘော၊
ဒုလ္လဘာ သမ္ပတ္တိ၊ ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မဿဝနံ"ဟု
သြဝါဒပေး တိုက်တွန်းတော်မူသည်။

"ရဟန်းတို့ သိက္ခာသုံးပါး ရဟန်းတရားကို မမေ့မလျော့အားထုတ်ကြ။ လောက၌ ဘုရားပွင့်ရာကာလကို လွန်စွာကြုံခဲလှ၏။ ဘုရားပွင့်ရာကာလကို ကြုံပါသော်လည်း လူ့အဖြစ်ကို ရရန်ခဲယဉ်းလှ၏။ လူ့အဖြစ်ကိုရပါသော်လည်း ဘုရား၊ ရဟန္တာတို့ရှိရာဌာန၌ နေရခြင်း၊ မျက်စိ၊နားစသော ဣန္ဒြေမချို့တဲ့ခြင်း၊ ရတနာသုံးပါးအပေါ်၌ ယုံကြည်မှုသဒ္ဓါတရားနှင့် ပြည့်စုံခြင်းဆိုတဲ့ သမ္ပတ္တိ သုံးမျိုးနှင့် ပြည့်စုံရန် ခဲယဉ်းလှ၏။ ထိုသမ္ပတ္တိ သုံးမျိုးနှင့်ပြည့်စုံသော်လည်း ရှင်အဖြစ် ရဟန်းအဖြစ်ကိုရယူနိုင်ရန် ခဲယဉ်းလှ၏။ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရနေကြပါသော်လည်းမိမိတို့ရဲ့ စရိုက်နှင့်သင့်လျော်သောတရားကို နာယူရဖို့ ခဲယဉ်းလှ၏။ ဒါကြောင့် သိက္ခာသုံးပါးကို မမေ့မလျော့ အားထုတ်ကြ" လို့ တိုက်တွန်းတော်မူသည်။

ရဟန်းတို့သည် မြတ်စွာဘုရား၏ ဤဒုလ္လဘဒေသနာသြဝါဒကို ရိုသေစွာ နာယူကြအပြီး ရိုသေစွာနေရာမှ ဖဲကြွကြကာ သင့်လျော်ဆိတ်ငြိမ်သောနေရာမှာ ထိုင်ကာ တရားအားထုတ်ကြသည်။ ဤသို့ဖြင့် ဗုဒ္ဓ၏ ဒုလ္လဘ ဒေသနာတော်ကို နာယူပြီး အားထုတ်သော ရဟန်းတိုင်း နိဗ္ဗာန်ကို မျက်မှောက်ပြုကြရသည်။ ဤရဟန်းတော်တို့သည် နေယျတိဟိတ်ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။

သင်ဒုလ္လဘာ လူသားလား

"ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ"=သတ္တလောကကြီးအတွင်း သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်တော်ကြီးအရှင် ဗုဒ္ဓတစ်ဆူပွင့်ပေါ်ရန် အလွန်ခဲယဉ်း၏။ ကမ္ဘာကြီးပေါင်း ၄-သင်္ချေနှင့်ကမ္ဘာတစ်သိန်းမှာမှ ၂၄ ဆူသာ ပွင့်သည်။ ကျော်လွန်ခဲ့ရသော ကမ္ဘာကြီးများနှင့်စာလျှင် ဗုဒ္ဓပွင့်ခြင်း အလွန်နည်းလှ၏။ ဒီဒေသနာတော်မှာ ဘုရားပွင့်ဖို့ ခဲယဉ်းသည်ကို ဟောခြင်းမဟုတ်၊ ဘုရားပွင့်ရာကာလနှင့်ကြုံဖို့ ခဲယဉ်းသည်ကို ဟောခြင်းဖြစ်သည်။

လောကမှာ ဘုရားပွင့်ဖို့ထက် ဘုရားပွင့်ရာကာလနှင့်ကြုံဖို့က ပိုခဲယဉ်းသည်။ ၄-သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလအတွင်းမှာ ဘုရား ၂၄ ဆူပွင့်သည်။ ခုစာရေးသူရော စာဖတ်သူတို့ပါ ၂၄-ဆူလုံးနှင့် ကြုံခဲ့ကြ၏လော၊ တစ်ဆူနှစ်ဆူ လောက်နှင့်ကြုံချင်တော့ကြုံမည်၊ ၂၄-ဆူလုံးနှင့်မကြုံနိုင်။ သို့သော် ဤလို ရဟန်းဘဝနဲ့ပျော်နေခြင်း၊ အားလပ်ချိန်မှာ သင်္ကန်းဝတ်ချင်စိတ်ဖြစ်ခြင်း၊ ယောဂီဝတ်ချင်စိတ်ဖြစ်ခြင်း၊ ဗုဒ္ဓ ဓမ္မ သံဃတို့ရဲ့ အရိပ်မှာပျော်ခြင်းတို့သည် အနည်းဆုံး ဘုရားတစ်ဆူဆူနှင့်တော့ တွေ့ခဲ့ရပြီလို့ ခန့်မှန်းနိုင်သည်။ ဂင်္ဂါ မြစ်တွင်းက သဲလုံးနှင့်အမျှ ဗုဒ္ဓတွေပွင့်တော်မူပြီးကြပြီဆိုတဲ့ စကားကို ထောက်လျှင် ဘုရားပွင့်ရာကာလနှင့် မကြုံရသည်ကများကြောင်း သိနိုင်သည်။

ယခုအခါ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဂေါတမပွင့်ရာ ကာလနှင့် ကြုံကြရပြီဖြစ်၍ ဗုဒ္ဓုပ္ပါဒဒုလ္လဘကို ရကြပြီ။

ဒုတိယ ဒုလ္လဘမှာ**"ဒုလ္လဘော မနုဿတ္တပဋိလာဘော"**=ဘုရားပွင့်ရာ ဘုရားသာသနာရှိနေစဉ်မှာ လူဖြစ်ဖို့ ဆိုသည်ကလည်း အလွန်ခဲယဉ်းသည်။ **"ဂင်္ဂါသဲလုံး၊ ရှုံးစေများဖြင့်၊ ဘုရားရှင်"** ဆိုသည့်အတိုင်း ဘုရားရှင်တွေ ပွင့်တော်မူခဲ့သည်မှာ ဂင်္ဂါမြစ်ကြီးအတွင်းက သဲလုံးမကရှိပြီဆိုသည်ကို ထောက်လျှင် ဒီစကား ပိုလေးနက်သည်။ နတ်အဖြစ်နှင့်ကြုံခြင်း၊ ဗြဟ္မာအဖြစ်နဲ့ ကြုံရခြင်းထက် လူအဖြစ်နဲ့ကြုံဖို့က ပိုခဲယဉ်းသည်။

တတိယ ဒုလ္လဘတရားမှာ **"ဒုလ္လဘာ သမ္ပတ္တိ"** ဖြစ်၏။ သမ္ပတ္တိဆိုရာမှာ-

(၁) ပဋိရူပဒေသဝါသ
(၂) ဣန္ဒြိယာဝေကလ္လ
(၃) သဒ္ဓါပဋိလာဘဆိုသည့် အချက်(၃)ချက် ပါဝင်သည်။ ဒီအချက်တွေပါဝင်မှ တတိယဒုလ္လဘအစစ်ကြုံခြင်း ဖြစ်၏။

(၁) ပဋိရူပဒေသဝါသဆိုသည်မှာ ထေရဝါဒဗုဒ္ဓသာသနာထွန်းလင်းသည့် လက်ငင်းဘဝမှာ ပဋိဝေဓဆိုက်နိုင်ခွင့်ရှိသည့် ဒေသမှာနေရသည်။ ခုလိုအခါမှာ လောကီစည်းစိမ်တွေ၊ လေယာဉ်ကြီးတွေ၊ ဒုံးပျံကြီးတွေ၊ ဘာဗြိုဟ်တုတွေ၊ ညာဗြိုဟ်တုတွေရှိသော်လည်း ဗုဒ္ဓသာသနာနှင့် ဝေးသည့် ဒေသတွေမှာ လူဖြစ်ရသည်ထက် မြန်မာနိုင်ငံလိုဒေသမှာ လူဖြစ်ရခြင်းသည် ပဋိဝေဓလို့ခေါ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် ပိုနီးသည်။

(၂) ဣန္ဒြိယာဝေကလ္လ=ဣန္ဒြေမချို့တဲ့သူ ဖြစ်ရမည်။
ဒါကဒီဘဝမှာ မဂ်ဖိုလ်ရနိုင်တဲ့ တိဟိတ်ပုဂ္ဂိုလ်ရဲ့လက္ခဏာကို ပြခြင်းဖြစ်၏။ မွေးကတည်းက မျက်စိကန်းလာခြင်း၊ နားကန်းလာခြင်း၊ စကားဆွံ့အလာခြင်းဖြစ်လျှင် တိဟိတ်ပုဂ္ဂိုလ်မဟုတ်တော့ပေ၊ သုဂတိ အဟိတ်ပုဂ္ဂိုလ်သာဖြစ်၏။ ထို့ကြောင့် မျက်စိ၊ နား၊ နှာ အင်္ဂါခြေလက် စုံစုံလင်လင်နှင့် အကင်းပါးသူဖြစ်ရမည်ဟု ဆိုလိုသည်။

* ဖျင်း၊ ကန်း၊ ဆွံ့အ၊ ဖြစ်နေက၊ မှတ်ကြ သုဂတိ အဟိတ်တည်း။
လူသွင်ပီသ၊ ဖြစ်ပါကလျက်၊ ဉာဏ်ထိုင်းဖျင်း၊ ဖြစ်နေခြင်း၊ လူတွင်း ဒွိဟိတ်တည်း။
လူပုံပီပြင်၊ ဉာဏ်လျှင်ကင်းပါး၊ ဤသူကား၊ မှတ်သား တိဟိတ်တည်း။

(၃) သဒ္ဓါ ပဋိလာဘ= ဤသဒ္ဓါပဋိလာဘဆိုသည်မှာ-
ရတနာသုံးပါးအပေါ်မှာ စိတ်ချယုံကြည်မှုကို ဆိုသည်။ ဆိုပါစို့၊ သာသနာထွန်းကားလှသည့် ဤမြန်မာနိုင်ငံမှာ လူဖြစ် ရသည်၊ လူကလဲ လူစဉ်မီ တိဟိတ်ပုဂ္ဂိုလ်အမျိုးအစားထဲက ဖြစ်သည်၊ သို့သော် ဤသဒ္ဓါပဋိလာဘအင်္ဂါ ချို့နေပြန်လျှင် တတိယဒုလ္လဘနှင့် ပြည့်စုံသူ မဖြစ်နိုင်ပေ၊ ဒီဘဝ မဂ်ဖိုလ်မရနိုင်ပေ။

ထို့ကြောင့် တတိယဒုလ္လဘမှာ "ဒုလ္လဘာ သမ္ပတ္တိ"ဟု ဆိုခြင်းဖြစ်၏။

ယခုမြန်မာနိုင်ငံ၌ နေကြသည့် ဗုဒ္ဓဘာသာဝင်တို့သည် ဤဒုလ္လဘနှင့်ပါ ပြည့်စုံကြပြီဖြစ်၍ ဒုလ္လဘတရား(၃)ပါးနှင့်ကြုံကြရပြီ။

စတုတ္ထဒုလ္လဘတရားမှာ**"ဒုလ္လဘာ ပဗ္ဗဇ္ဇာ"** ရှေ့ ဒုလ္လဘတရား(၃)ပါးနှင့် ကြုံနေကြသော်လည်း ဤဒုလ္လဘတရားကိုရရန်ခဲယဉ်းကြ၏။ ပဗ္ဗဇ္ဇာ=ရှင်အဖြစ်၊ ရဟန်းအဖြစ်၊ ယောဂီသီလရှင်အဖြစ်ကို ဒုလ္လဘာ= ခဲယဉ်းသဖြင့် ရအပ်၏။ ဝါ-ရနိုင်ခဲ၏။ ရဟန်းတရားခေါ်သော သိက္ခာသုံးပါးကို ပြတ်ပြတ်သားသားကျင့်တော့မည်ဆိုလျှင် ပထမဆုံးလုပ်ရမည့်လုပ်ငန်းက သင်္ကန်းဝတ်ပါ၊ သီလရှင်ယောဂီဝတ်ပါ၊ ရသေ့ပြုပါ၊ပြီးတော့မှ လွတ်လွတ်ကျွတ်ကျွတ် အချိန်ပြည့်ကျင့်တော့ ဒါစတုတ္ထဒုလ္လဘတရား။ ယခုထေရဝါဒရဟန်းတော်များ ရရှိနေကြ၏။

နောက်ဆုံး ပဉ္စမဒုလ္လဘတရားမှာ **"ဒုလ္လဘံ သဒ္ဓမ္မဿဝနံ"** ဖြစ်၏။ ရှင်အဖြစ်၊ ရဟန်းအဖြစ်၊ ယောဂီသီလရှင်အဖြစ်ကို ရပင်ရအပ်ပါသော်လည်း သဒ္ဓမ္မဿဝနံ သူတော်ကောင်းတရား နာကြားရခွင့်ကို ဒုလ္လဘာ=ခဲယဉ်းသဖြင့် ရအပ်၏။ ဝါ-ရနိုင်ခဲ၏။

ဒါကဘာကိုဆိုလိုသနည်း။ ရှင်ရဟန်းအဖြစ်ကို ရယူထားနိုင်သော်လည်း သူတော်ကောင်းတရားကို နာရ၊ ကြားရခွင့်ကို ရနိုင်ခဲ၏တဲ့။

ခုခေတ်မှာ တရားတွေဟောကြ ပြောကြ၊ ဓမ္မကထိကတွေ မှိုလိုပေါက်နေသည်ဖြစ်ရာ တရားနာဖို့ခဲယဉ်းပါမည်လား။ ဒီဒုလ္လဘတရားရဲ့ အဖြေမှန်ကို သိလိုလျှင် ဒီဒုလ္လဘဒေသနာကို ဘယ်သူတို့အား ဟောသနည်းဆိုသည်ကို ပြန်ကြည့်ရမည်ဖြစ်၏။ ပြန်ကြည့်သောအခါ ဆွမ်းကိစ္စပြီးလို့ နေ့ခင်းပိုင်းမှာ အလုပ်ဝင်တရားအားထုတ်ကြမည့် ရဟန်းများကိုတွေ့ရမည်။ ထိုအရှင်မြတ်တို့အား ဗုဒ္ဓကဆိုင်ရာဆိုင်ရာ စရိုက်နှင့်လျော်ညီသော တရားဟော ကမ္မဋ္ဌာန်း ပေးပြီးသည်ကို တွေ့ရမည်ဖြစ်၏။ ဒီအရှင်မြတ်တွေ တရားခွင်မဝင်မီ ဤဒုလ္လဘတရားနဲ့ နှိုးဆော်တော်မူခြင်းဖြစ်သည်။ ထို့ကြောင့် တရားကို အပြတ်အသတ်အားထုတ်ဖို့ ရှင်၊ရဟန်း၊ ယောဂီ သီလရှင် ပြုလာကြသော်လည်း မိမိတို့ရဲ့ စရိုက်နဲ့လျော်ညီတဲ့တရား နာယူရဖို့ရန်ကား ခဲယဉ်းနေပြန်၏။ ထို့ကြောင့် "ဒုလ္လဘံ သဒ္ဓမ္မဿဝနံ" လို့ ဟောတော်မူခြင်းဖြစ်သည်။

ကဲ-မြန်မာနိုင်ငံ ထေရဝါဒရဟန်းတော်များ-

ဤ ပဉ္စမ ဒုလ္လဘရကြပြီလား။ ဒါကကိုယ်နဲ့သင့်တော်တဲ့ ကမ္မဋ္ဌာန်းတရားနာယူဖို့ ပြောခြင်းဖြစ်၏။ ဒီ ပဉ္စမဒုလ္လဘတရားနဲ့ ပြည့်စုံရန်အတွက် မိမိတို့၏စရိုက် စသည်တို့နှင့် ကိုက်ညီသောတရားတော်ကို နာယူခွင့်ရရန် အရေးကြီးလှ၏။ အကယ်၍နာယူခွင့်ရမည်ဆိုပါက ဗုဒ္ဓ၏ ဤဒုလ္လဘာ-၅ပါး ဒေသနာကို နှလုံးသွင်းအားထုတ်ပါက ဧကန်နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုကြရမည် ဖြစ်ပါသတည်း။

* ဘုရားမြတ်စွာ၊ လောကမှာ၊ လွန်စွာပွင့်ပေါ်ခဲ။
ဘုရားပွင့်ခါ၊ ကြုံတွေ့ပါ၊ လွန်စွာလူဖြစ်ခဲ။
လူဖြစ်ရရှိ၊ သမ္ပတ္တိ၊ စုံပြည့်နိုင်ဘိခဲ။
သမ္ပတ္တိခန်း၊ လွန်ပြည့်လျှမ်း၊ ရဟန်းပြုနိုင်ခဲ။
ရဟန်းဘဝ၊ ရသော်မှ၊ သဒ္ဓမ္မ နာရခဲ။
ဒုလ္လဘငါးပါး၊ ကြုံလျက်သား၊ တရားသတိခဲ။

ရဟန်းတို့မမေ့သော သတိဖြင့် သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော သိက္ခာကို ပြည့်စုံစေကြကုန်လော့၊ သတ္တလောက၌ ဘုရားပွင့်ရာ၊ ခေတ်အခါကို၊ ခဲယဉ်းသဖြင့် ရအပ်၏။ ဝါ-ရနိုင်ခဲ၏။ ဘုရားပွင့်ရာ ခေတ်အခါကို ရပင်ရအပ်ပါသော်လည်း လူ၏အဖြစ်ကိုရခြင်းကို ခဲယဉ်းသဖြင့် ရအပ်၏။ ဝါ-ရနိုင်ခဲ၏။ လူ့အဖြစ်ကို ရပင်ရအပ်သော်လည်း သမ္ပတ္တိ အမျိုးမျိုးကို ခဲယဉ်းသဖြင့်ရအပ်၏။ ဝါ-ရနိုင်ခဲ့၏။ သမ္ပတ္တိအမျိုးမျိုးကို ရပင်ရအပ်ပါသော်လည်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ်ကို ခဲယဉ်းသဖြင့်ရအပ်၏။ ဝါ-ရနိုင်ခဲ၏။ ရှင်ရဟန်းအဖြစ်ကို ရပင်ရအပ်ပါသော်လည်း မိမိ၏ စရိုက်နှင့်လျော်သောတရားကို နာယူရခြင်းကို ခဲယဉ်းသဖြင့် ရအပ်၏။ဝါ-ရနိုင်ခဲ၏။ ဤသို့ နေ့တိုင်း နေ့တိုင်း ဆုံးမ ဟောကြားတော်မူပြီ။

ထို့ကြောင့် မြန်မာနိုင်ငံ ထေရဝါဒရဟန်းတော်များအနေဖြင့် ဗုဒ္ဓကိစ္စ (၅)ပါးကို သိနားလည်ကြပြီး ဗုဒ္ဓကိစ္စ၌သာ မွေ့လျော်ကုန်လွန်စေသင့်သည်။ အခြားကိစ္စများနှင့် ရောထွေးပြီး တန်ဖိုးရှိလှသည့် အချိန်များ အလဟဿ မကုန်ဆုံးစေသင့်ပေ။ ၎င်းပြင် ဒုလ္လဘ (၅)ပါးအနက် (၄)ပါးကို လက်ဝယ် ပိုင်ပိုင် ရရှိပြီးကြပြီဖြစ်ရာ နောက်ဆုံးဒုလ္လဘတရားဖြစ်သည့် **"ဒုလ္လဘံ သဒ္ဓမ္မဿဝနံ"** နှင့်ပြည့်စုံရန်အတွက် သူတော်ကောင်းတရား၊ မိမိတို့ ၏စရိုက်နှင့် လျော်ညီသည့်တရားတော်ကို နာယူခွင့်ရရှိပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် မျက်မှောက်ပြုနိုင်ရေးအတွက်သာ အစဉ်နှလုံးသွင်း အားထုတ်ကြိုးပမ်းကြပါကုန်။ ။

ရဟန်းတို့သည် မြတ်စွာဘုရား၏ ဤဒုလ္လဘ ဒေသနာသြဝါဒကို ရိုသေစွာနာယူကြအပြီး ရိုသေစွာ နေရာမှ ဖဲကြွကြကာ သင့်လျော်ဆိတ်ငြိမ်သော နေရာမှာထိုင်ကာ တရားအားထုတ်ကြသည်။ ဤသို့ ဖြင့် ဗုဒ္ဓ၏ ဒုလ္လဘ ဒေသနာတော်ကို နာယူပြီး အားထုတ်သော ရဟန်းတိုင်း နိဗ္ဗာန်ကို မျက်မှောက် ပြုကြရသည်။

အမှာစကားပြောကြား

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စစ်တွေမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

စစ်တွေမြို့ပေါ်ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များအား တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးများတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် စက်တင်ဘာ ၈ ရက် နံနက်၈ နာရီတွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး တိုင်းမှူးနှင့် ဝန်ကြီးများက အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများ၊ ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာ ဆိပ်ခံတံတား၊ ရသေ့တောင်မြို့နယ် လောင်းချောင်းကျေးရွာ ဆိပ်ခံတံတား၊ မင်းပြားမြို့နယ် ခြိတ်တောင်ကျေးရွာ ထောင့်ချော်တံတားများ တည်ဆောက်ရန်နှင့် ပေါက်တောမြို့နယ် ငပြီကျွန်းကျေးရွာ ရေကန်၊ မြေပုံမြို့နယ် ပြင်ချောင်းကျေးရွာ ရေကန်များတူးဖော်ရန် စုစုပေါင်း အလှူငွေကျပ် ၃၅သိန်း၊ အဝတ်အထည်များနှင့် ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ၊စာစောင်နှင့် မဂ္ဂဇင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ကြပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် နံနက် ၁၀ နာရီခွဲတွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကုန်သည်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့က အဖွင့်အမှာ စကားပြောကြားကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကုန်သည်ကြီးများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စစ်တွေမြို့ မင်းဂံရပ်ကွက် ကန်တော်ကြီးစိုက်ကွင်း၌ ကျင်းပသော ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး စုပေါင်းတမန်းနှိုးပွဲနှင့် မြေသြဇာကြဲပက်ပွဲသို့ တက်ရောက်ကြပြီး စိုက်ကွင်းသို့ ကြဲပက်မည့်မြေသြဇာများ၊ စပါးစိုက်ခင်းတွင် တမန်းနှိုးနေမှုနှင့် မြေသြဇာများ ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ၊ လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အလှူရှင် Dr. Mike Griffiths (Resident Representative, The Leprosy Mission International-TLMI) နှင့် ဒေါက်တာဇော်မိုးအောင်(Country Operation Manager , TLMI)တို့ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများ ပြုပြင်ရန်အတွက် ငွေကျပ် သိန်း ၄၀၀ ကိုပေးအပ်လှူဒါန်းကြစဉ်။ (လူမှုဝန်ထမ်း)

မသန်စွမ်းကျောင်းများပြုပြင်ရန်အတွက် (TLMI)မှ ကျပ်သိန်း ၄၀၀ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ၊ လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများထံ အလှူရှင် Dr. Mike Griffiths (Resident Representative, The Leprosy Mission International-TLMI) နှင့် ဒေါက်တာဇော်မိုးအောင်(Country Operation Manager , TLMI) တို့က လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မသန်စွမ်းကျောင်းများ ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၄၀၀ ကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ လာရောက်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါရမီတက္ကစီအငှားယာဉ်မောင်းများအား ပညာပေးဆွေးနွေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူးမြင့်အောင်သည် ဒုတိယရဲမှူး ဝင်းမြိုင်နှင့်အတူ ယမန်နေ့ နံနက် ၈နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း၌ ပါရမီတက္ကစီ (အငှား) ယာဉ်မောင်း ၄၀ အား ယာဉ်မတော်တဆမှုအန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလအတွက်
(၁၄-၉-၂၀၀၈) ရက်နေ့နှင့်
(၂၈-၉-၂၀၀၈) ရက်နေ့

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၃၀ ၄။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -သီချင်းသံပြိုင်**
၁း၅၀ ၅။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၇။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၃၀ ၆။ အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေး တေးကဗျာ
၆း၃၅ ၁၂။ အံ့သြဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံယောဇဉ်နှောင်ကြိုး (အပိုင်း-၆)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၆)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

အထွက်တိုးမျိုးစပါးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ စက်ကိရိယာများ အသုံးပြုစိုက်ပျိုးခြင်း စိုက်နည်းစနစ်မှန်ကန်ခြင်းတို့ကို စနစ်တကျစီမံဆောင်ရွက်သွားပါက လယ်ယာကဏ္ဍ ပို၍ဖွံ့ဖြိုးတိုးတက်လာမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ကတ္တရာ ကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ဖြစ်ကြကြောင်း၊ စပါးစိုက်ပျိုးမှုကိုကြည့်ပါက မိုးစပါး၊ နွေစပါး စုစုပေါင်း ဧက သန်း ၂၀ ခန့် ရှိကြောင်း။

စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများရှိပြီး စိုက်ပျိုးနိုင်သည့် လူဦးရေရှိသော်လည်း လယ်များ၏ ပုံသဏ္ဌာန်အမျိုးမျိုးရှိနေခြင်း၊ မိရိုးဖလာ စပါးမျိုးများကိုသာ စိုက်ပျိုးနေခြင်း၊ မြေဩဇာများ ထည့်သင့်သလောက် မထည့်နိုင်ခြင်းတို့ကြောင့် စပါးအထွက်နှုန်းမှာ ထွက်သင့်သလောက် ထွက်ခြင်း မရှိသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ အထွက်တိုးမျိုးစပါးများ ပြောင်းလဲစိုက်ပျိုးခြင်း၊ စက်ကိရိယာများ အသုံးပြုစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ် မှန်ကန်ခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်သွားပါက လယ်ယာကဏ္ဍ ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် မြေလွတ်မြေလပ်များရှိသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ်များ၌ အနည်းဆုံး ဧကကွက်များပြုပြင်ပြီး တစ်ဆက်တစ်စပ်တည်းရှိသည့် ခေတ်မီစိုက်ပျိုးနည်းများအတိုင်း စိုက်ပျိုးသွားရန် လိုကြောင်း။

ယင်းကဲ့သို့ ခေတ်မီစိုက်ပျိုးနည်းများအတိုင်း စိုက်ပျိုးခြင်းဖြင့် ဒေသခံလယ်သမားများ အကျိုးကျေးဇူး ပိုမိုရရှိခံစားရမှာဖြစ်ကြောင်း၊ ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန် ဖော်ထုတ်ရေးလုပ်ငန်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံလယ်သမားများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်များ၌ စိုက်ပျိုးမြေများ ပြုပြင်နိုင်မည့်အခြေအနေ၊ ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်အတွက် ငမိုးရိပ်ရေထိန်းတံခါးမှ ရေရရှိရေးဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဒဂုံမြို့သစ်မြို့နယ်များအတွင်း စပါးစိုက်ပျိုးနိုင်မည့် မြေလွတ်မြေလပ်များ အခြေအနေနှင့် ဧက ၅၀၀ အကွက်ကြီးများဖြင့် ဖော်ထုတ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန် ဖော်ထုတ်ရေးလုပ်ငန်းတွင် ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လေမုန်တိုင်းသင့် ဒေသများဖြစ်သည့် ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း တွေ့ရှိခဲ့ရသည့် အဆိုပါမြို့နယ် နှစ်မြို့နယ်၏ စပါးစိုက်ပျိုးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက လယ်ယာသုံး ခေတ်မီစက်ပစ္စည်းကိရိယာများ ပြည်ပမှ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက တင်သွင်းရန်လျာထားသည့် ခေတ်မီလယ်ယာသုံး စက်ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ ပါဝင်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒဂုံအင်တာနေရှင်နယ် လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က စီမံကိန်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန် ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်း အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်သို့ ရောက်ရှိကြပြီး မင်းရဲကျော်စွာလမ်း ဝဲ/ယာရှိ လယ်မြေများ၌ မိုးစပါးစိုက်ပျိုးနိုင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုလယ်ယာဦးစီးဌာနက ခင်းကျင်းစီစဉ်ပြသထားသည့် ကောက်စိုက်စက်၊ ကောက်ရိတ်စက်နမူနာများနှင့် ဆင်းသွယ်ရင် စပါးမျိုးပျိုးပင်များကို လည်းကောင်း၊ ရိတ်သိမ်းခြွေလှေ့စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စိုက်ပျိုးရေးလိုအပ်ချက်များကို မေးမြန်း၍ တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အစီအမံများကို ရှင်းလင်းပြောကြား အားပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်း၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ထားသည့် ငမိုးရိပ်ရေထိန်းတံခါးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ငမိုးရိပ်ရေထိန်းတံခါး၏ ရေပေးဝေနိုင်မှုနှင့် အကျိုးပြုဧက အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ငမိုးရိပ်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးသည်။

စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ခဲ့မှုကြောင့် ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံရေများ၊ ငမိုးရိပ်ချောင်းလက်တက်မှ စီးဆင်းလာသော ရေများနှင့် စိုက်ကွင်းများမှ ပိုလျှံရေများအား သိုလှောင်နိုင်ကာ နှစ်စဉ် နွေစပါး ၅၈၉၅ ဧက စိုက်ပျိုးနိုင်သည့်အပြင် နွေရာသီတွင် ရေထိန်းတံခါးကို ပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်ဝင်ရောက်ခြင်းမှလည်း ကာကွယ်နိုင်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းများ ပြင်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ရှေးဦးစွာ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ကတ္တရာကွန်ကရစ်ခင်းနေမှုကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာမွေလမ်းငါးခွဆုံမှ အရှေ့ရွှေဂုံတိုင်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ထိုမှတစ်ဆင့် ဓမ္မစေတီလမ်း၊ ကြည့်မြင်တိုင်လမ်း၊ ဟံသာဝတီလမ်း၊ ဗဟိုလမ်း တစ်လျှောက် လမ်းပြုပြင်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ကမာရွတ်မြို့နယ် ဗဟိုလမ်း (ခိုင်ရွှေဝါ)လမ်း၌ ရန်ကုန်မြို့တော် စည်ပင်ဝန်ထမ်းများ၏ လမ်းပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခိုင်ရွှေဝါလမ်းမှတစ်ဆင့် ရွာမကျောင်းလမ်း၊ အင်းစိန်လမ်း၊ မင်းကြီးလမ်း၊ အောက်မင်္ဂလာဒုံလမ်းတို့၏ လမ်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း စောင်စက်ရုံအနီး၌ ကတ္တရာကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရေပင်လမ်း အခြေအနေကိုလည်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ဖြတ်ကျော်တည်ဆောက်ထားပြီး ကမ္ဘာ့ဂင်းနစ်မှတ်တမ်းဝင်အမြင့် ၃၄၃ မီတာ ၁၁၂၅ ပေရှိရာ အီဖယ်လ်မျှော်စင်ထက် ၂၃ မီတာ ပိုမြင့်သည်။ တံတားတည်ဆောက်ရာတွင် ကုန်ကျငွေ ယူရို ၃၉၄ သန်းရှိပြီး ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှစ၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခဲ့သည်။

မယ်လာယူတံတားသည် ကမ္ဘာ့အမြင့်ဆုံး တံတားအဖြစ်သာမက လူသားတို့ဖန်တီးမှုကို သဘာဝနှင့်ပေါင်းစပ်ပေးသည့် တံတားဖြစ်သည်။ အောက်ခံတိုင်များမှအစ ကမ္ဘာမြေမှ ပေါက်ထွက်လာသယောင် ဖန်တီးဖော်ဆောင်ထားသဖြင့် ခရီးသွားများ နေ့စဉ် လာရောက်ဖြတ်သန်းကြည့်ရှုလျက်ရှိသည်။ တံတားဖြတ်သန်းခမှာ ပုံမှန်အချိန်တွင် ၄ဒသမ၆ ယူရို၊ နွေရာသီကာလများတွင် ၆ဒသမ ၅ယူရို၊ လေးလံသောယာဉ်များအတွက် ၁၉ယူရိုဖြစ်သည်။ ***အင်တာနက်။***

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိ တက္ကသိုလ်များ လှည့်လည်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)၊ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန(မာလာဆောင်)၊ ရန်ကုန် အဝေးသင်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့သို့ သွားရောက်၍ သက်ဆိုင်ရာဌာနများရှိ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဘာသာရပ်ဌာနအလိုက် သုတေသနလုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကာကွယ်ရေးဝန်ကြီးဌာနမှ

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာတပ်နယ် တစ်ဧကတင်း ၂၀၀ အထူးအထွက်ကောင်းစပါး စံပြစိုက်ခင်း ၇၅ ဧက ထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထွန်တုံးပိတ်ပွဲတွင် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အထူးအထွက်ကောင်းစပါးစိုက်ခင်း ထွန်တုံးပိတ်ပွဲနှင့် စိုက်နည်းစနစ်မှန်ကန်စွာဖြင့် ကောက်စိုက်နေမှုများကို ကြည့်ရှုအားပေးပြီး စံပြ ၇၅ ဧကတွင် တစ်ဆက်တစ်စပ်တည်း အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် မန္တလေးတိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒိုင်ကောင်းကုန်း လျှပ်စစ်မြစ်ရေတင်စခန်းသို့ရောက်ရှိပြီး ဒိုင်ကောင်းကုန်းရေတင်မြောင်းများ၏ ဝဲ/ယာနှင့် ပတ်ဝန်းကျင်၌ စပါးစိုက်ပျိုးထားရှိမှု၊ ရေပေးမြောင်းများ၌ ရေဝင်ရောက်မှုနှင့် အဆင့်(၂) ရေပေးဝေမှုလုပ်ငန်းအတွက် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်ထွက်ခွာလာခဲ့ရာ နေပြည်တော်သို့ ညပိုင်းတွင်ရောက်ရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လွိုင်ကော်မြို့နယ်ရှိ လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် သုတ၊ ရသ စာအုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းဆီနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လွိုင်ကော်မြို့ ပြည်နယ်ဆောက်ထားသော မိုးဖြဲရေလှောင်တမံ၊ မိုးဖြဲရေလှောင်ကန်၊ ရေထိန်းတံခါးသို့ ရောက်ရှိ၍ ရေထိန်းတံခါးဖြင့် ရေထိန်းသိမ်းထားရှိမှု အခြေဆေးကုသမှုခံယူနေသော ဆေးရုံတက် လူနာများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ဆေးရုံအတွင်းရှိ ဆေးကုသဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးရုံအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ် ဒေါက်တာစောအောင်ရွှေဖြူထံ ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဖယ်ခုံမြို့ အောင်စစ်သည်ခန်းမ၌ ဖယ်ခုံတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ၊ အားကစားပစ္စည်းများကို ပေးအပ်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် တည်ဆောက်ထားသော မိုးဖြဲရေလှောင်တမံ၊ မိုးဖြဲရေလှောင်ကန်၊ ရေထိန်းတံခါးတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သည့် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ထံ ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွက် ဆန်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေး၊ လမ်း၊ တံတားလုပ်ငန်း ဆိုင်ရာများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် တည်အနေနှင့် လျှပ်စစ်ဓာတ်အားအဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် ရေသိုလှောင် ထုတ်လွှတ်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ် ဖယ်ခုံမြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဖယ်ခုံမြို့နယ်ဆေးရုံ၌

● မြန်မာလိဂ်မှ

ပို့ဆောင်ရေး၊ သစ်တောရေးရာ၊ လယ်/ဆည်၊ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် ပြည်ထဲရေး ၁၂ သင်း၊ ပထမတန်းမှ တက်လာသည့် ပထမတန်း အမှတ်ပေးချန်ပီယံ Air Bagan F.C နှင့် ဒုတိယဆုရ ဆက်သွယ်ရေးအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းနှင့် လူငယ်လက်ရွေးစင် အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများ ရှိနေ၍ အမှတ်ပေး ပွဲစဉ်များကို စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် ပွဲစဉ် ၁၄ ပွဲကိုသာ ထုတ်ပြန်ထားသည်။ ပွဲဦးထွက် ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၇ ရက်တွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် တန်းတက် ဆက်သွယ်ရေးအသင်းတို့ စတင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ စက်တင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းတွင် ကစားသမား သုံးဦးအထက် ပါဝင်နေသည့် ကမ္ဘောဇ၊ မြို့တော်စည်ပင်နှင့် ဆောက်လုပ်ရေးအသင်းတို့၏ ပွဲစဉ်များကို ခေတ္တရွှေ့ဆိုင်းပေးထားကြောင်း သိရသည်။

ယမန်နှစ် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက ၁၃ ပွဲကစား ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ၃၂ မှတ်ဖြင့် အနိုင်ရဗိုလ်စွဲထားပြီး ကမ္ဘောဇအသင်းက ဒုတိယနှင့် စီးပွားကူးသန်းအသင်းက တတိယတို့ ရရှိထားသည်။ ဘဏ္ဍာ/အခွန်အသင်းသည် အဆိုပါပြိုင်ပွဲ၌ တပ်မတော်ကြည်း၊ Royal Eleven၊ ဆောက်လုပ်ရေး၊ ပြည်ထဲရေး၊ သစ်တော၊ စွမ်းအင်၊ မြန်မာ့မီးရထား၊ ကာကွယ်ရေး၊ စီးပွားကူးသန်းနှင့် ကမ္ဘောဇတို့ကို အနိုင်ရရှိကာ လယ်/ဆည်၊ ပို့ဆောင်ရေးတို့နှင့် သရေကျပြီး မြို့တော်စည်ပင်အသင်းကို အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းမှာ အမှတ်ပေးပြိုင်ပွဲတစ်လျှောက် (၂၇)ကြိမ် ဗိုလ်စွဲထားသည်။ ယခု အမှတ်ပေးပြိုင်ပွဲ၌ ပွဲစဉ်အလိုက် အနိုင်ရရှိသော အသင်းများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ငွေကျပ်နှစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ကျင်းပမည့် ပွဲစဉ်များ

၁၇-၉-၂၀၀၈	ဘဏ္ဍာ/အခွန်	- ဆက်သွယ်ရေး	၃ နာရီခွဲ	အောင်ဆန်းကွင်း	
၁၈-၉-၂၀၀၈	စီးပွားကူးသန်း	- ပြည်ထဲရေး	၃ နာရီခွဲ	အောင်ဆန်းကွင်း	
၁၉-၉-၂၀၀၈	ကာကွယ်ရေး	- စွမ်းအင်	၃ နာရီခွဲ	အောင်ဆန်းကွင်း	
	ပို့ဆောင်ရေး	- လယ်/ဆည်	၃ နာရီခွဲ	သုဝဏ္ဏကွင်း	
၂၀-၉-၂၀၀၈	မြန်မာ့မီးရထား	- သစ်တောရေးရာ	၃ နာရီခွဲ	အောင်ဆန်းကွင်း	
၂၂-၉-၂၀၀၈	ဘဏ္ဍာ/အခွန်	- Air Bagan F.C	၃ နာရီခွဲ	အောင်ဆန်းကွင်း	
	ဆက်သွယ်ရေး	- ပြည်ထဲရေး	၃ နာရီခွဲ	သုဝဏ္ဏကွင်း	
၂၃-၉-၂၀၀၈	ကာကွယ်ရေး	- လယ်/ဆည်	၃ နာရီခွဲ	အောင်ဆန်းကွင်း	
	ပို့ဆောင်ရေး	- မြန်မာ့မီးရထား	၃ နာရီခွဲ	သုဝဏ္ဏကွင်း	(ကြေးမုံ)

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်း။

■ အမေရိကန်မှ

အိုက်ခ်ဟာရီကိန်းမုန်တိုင်းသည် အဆင့်-၂ မုန်တိုင်းဖြစ်ပြီး အင်အားအလွန်ကြီးမားကြောင်း၊ ရေနံဓာတုလုပ်ငန်း၏ အဓိကကျသည့် ဒေသကို ထုထည်ကြီးကြီးမားမားဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းအားဖြင့်ဖြစ်စေ ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ အမေရိကန်ရေနံဓာတုလုပ်ငန်း၏ ၂၀ ရာခိုင်နှုန်းခန့် ပျက်စီးနိုင်ပြီး ကာလအားဖြင့်လည်း တာရှည်စွာ နစ်နာဆုံးရှုံးနိုင်ကြောင်း မိုးလေဝသပညာရှင် ဂျင်မ်ရိုယယ်လာက ပြောကြားသည်။

ဂုစတပ် ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခဲ့သော လူဝီစီယားနားပြည်နယ်နှင့် ယခု အိုက်ခ်ဟာရီကိန်း မုန်တိုင်းတိုက်ခတ်သည့် တက္ကဆက်ပြည်နယ်တို့တွင် တည်ရှိသော ရေနံချက်လုပ်ငန်းများမှ ဂက်ဆိုလိုင်း၊ ဒီဇယ်နှင့် အခြားစက်သုံးဆီများကို နေ့စဉ် စည်ပေါင်း ၃ ဒသမ ၈ သန်းခန့် ထုတ်လုပ်လျက်ရှိရာ အမေရိကန်ပြည်ထောင်စုတစ်ခုလုံး ထုတ်လုပ်မှု၏ ၂၂ ရာခိုင်နှုန်းခန့် ရှိသည်။ ***အင်တာနက်။***

❁ ပန်းဂေါ်ဖီစိမ်းမှ

လူ၏အဆုတ်အတွင်း တွေ့ရသော NRFZ မျိုးဗီဇသည် ရောဂါများဖြစ်ပွားမှုကို တားဆီးကာကွယ်ပေးနိုင်သည့် ဆဲလ်ဖြစ်သည်။ ပန်းဂေါ်ဖီစိမ်းစားသုံးခြင်းဖြင့် အဆိုပါ NRFZ မျိုးဗီဇမှာ အားကောင်းလာပြီး အဆုတ်ရောဂါကို ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။

ကာကွယ်တားဆီးပေးနိုင်

ထို့အပြင် ပန်းဂေါ်ဖီစိမ်းကဲ့သို့ အစိမ်းရောင်ရှိ ဟင်းသီးဟင်းရွက်များကို စားသုံးပေးခြင်းဖြင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းရောဂါများ ဖြစ်ပွားမှုကိုလည်း ကာကွယ်တားဆီးပေးနိုင်သည်ဟု ဆိုသည်။

ပန်းဂေါ်ဖီစိမ်းတွင် ပါဝင်သည့် အဆိုပါ မျိုးဗီဇသည် အဆုတ်အတွင်းမှ အညစ်အကြေးနှင့် ပျက်စီးနေသော ဆဲလ်များကိုလည်း ရှင်းလင်းဖယ်ရှားပေးနိုင်စွမ်းရှိကြောင်း အမေရိကန်ဆေးဂျာနယ်၌ ရေးသားဖော်ပြသည်။ ***အင်တာနက်။***

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၀၈ (တနင်္ဂနွေနေ့)

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ **စစ်ကိုင်းတိုင်း၊ ကသာမြို့ ကျောက်ထုံးကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေ ဘဒ္ဒန္တ နိမလ ဟောကြားတော်မူအပ်သော "ငါးပါးသီလအရေးပါ အရာရောက်ပုံ တရားတော်"**
၈း၀၀ ၄။ အတီးပြိုင်ပွဲ
၈း၁၅ ၅။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)
၈း၃၀ ၆။ International News.
၈း၄၀ ၇။ Islands Of Dhamma.
၈း၄၅ ၈။ ဘဒ္ဒန္တဇာဂရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကကောဝိဒ) ကလေးဝတောရကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာကုဋေကုဋာ" (အပိုင်း-၄)**
၁း၀၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ခုန်သံနှစ်ပိုင်းတစ်ပိုင်း" (လွင်မိုး၊ ဇင်ဝိုင်း၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ညီမင်းလွင်)**
၂း၃၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ (ရောင့်ရဲသူနှင့် မရောင့်ရဲသူ)
၅း၁၀ ၈။ International News.
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ ၄။ **"လူကူးမျဉ်းကျားမှကူးမယ်"**
၄း၄၀ ၅။ အမှတ်(၃) အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက-၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၀ ၈။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး)
၅း၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ လှည့်လည်ပူဇော် ပေါင်းတည်မြတ်စွယ်တော်
၆း၅၀ ၁၃။ အဆိုပြိုင်ပွဲ
၆း၅၅ ၁၄။ ဒေါ်မေရှင်အမှတ်တရ
၇း၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေးချစ်ပုံပြင်" (အပိုင်း-၃၁)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၂၂)**
၂၀။မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၁။ အစီအစဉ်ပြီး၏။

အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဆင်းပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၀၈) ဆင်းပွဲကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရုံးအမှတ် (၂၁)အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၃၂၅ ဦး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သင်တန်း၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူ များအား ဆုများချီးမြှင့်၍ သင်တန်း ဆင်းလက်မှတ် ပေးအပ်ပြီး နည်းပြ များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းကို အလုပ်သမား ဝန်ကြီးဌာနမှ ဝန်ထမ်းများ အရည် အချင်းပြည့်ဝ၍ လုပ်ငန်းတာဝန်များ ထိရောက်လျင်မြန်စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် e-Government လုပ်ငန်း အဆင့် တိုးမြှင့်ဆောင်ရွက်ရာတွင် ကွန်ပျူ တာ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် ဩဂုတ် ၁၈ ရက်မှစ၍ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီး ဌာနရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီ ရုံးများမှ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) ဝန်ထမ်း ၂၀ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဂျာမန်ဘာသာစကားအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာဖြင့် ဖျော်ဖြေတင်ဆက်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၃

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဂျာမန်ဘာသာဌာန ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းသား၊ ကျောင်း သူများ၏ အနုပညာဖြင့် ဖျော်ဖြေ တင်ဆက်ပွဲ၊ ဘာသာစကား ကျွမ်း ကျင်မှုစွမ်းရည်ပြိုင်ပွဲနှင့် ထူးချွန် ကျောင်းသား၊ ကျောင်းသူများ ဆုချီး မြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက်နံနက် ၉ နာရီတွင် သီရိရတနာ ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးပိုမြင့်နှင့် ပါမောက္ခဌာနမှူးများ၊ ဂျာမန်ဘာသာဌာန ကထိက(ဌာနမှူး) ဒေါ်ပြုံးပြုံးငွေ၊ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် ဂျာမန်ဘာသာ ဌာနမှ အငြိမ်းစားပါမောက္ခဦးလှကြိုင် နှင့် ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာဘွဲ့ကြို သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်းများမှ ဂျာမန် ဘာသာစကားအထူးပြု ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဦးပိုမြင့်နှင့်ဂျာမန်ဘာသာဌာနကထိက (ဌာနမှူး)ဒေါ်ပြုံးပြုံးငွေတို့က ဂုဏ်ပြု အမှာစကား ပြောကြားကြပြီး ဝိဇ္ဇာ ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများက "MUFL"သီချင်းကိုစုပေါင်းသီဆိုကာ ဂုဏ်ပြုကြိုဆိုပွဲ အမည်ရတစ်ခန်းရပ် ပြဇာတ်၊**(အပေါ်ဝဲပုံ) မြန်မာဟူသည်** သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက် သည်။ ဆက်လက်၍ ဂျာမန်ဘာသာ စကားကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲတွင် မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ် တွင် ကျွန်ုပ်၏ ပထမဆုံးနေ့ရက်၊ ကျွန်ုပ်သာ သိန်းထီဆုကြီးပေါက်ခဲ့ လျှင်၊ ကျောင်းပြီးသည့်နောက်၊ ကျွန်ုပ်ဘာ့ကြောင့် ဂျာမန်ဘာသာ စကား သင်ယူရသလဲ၊ ရက်သတ္တပတ် ကုန်ဆုံးရက်များတွင် ဂျာမန်လူမျိုးများ ဘာလုပ်ကြသနည်း၊ မြန်မာနိုင်ငံရဲ့ လှပသာယာသော ရှုခင်းများနှင့် အနုပညာလက်ရာများ၊ ဂျာမန်ဘာသာ သင်တန်းနှင့် နိုင်ငံခြား ဘာသာစကား သင်ယူခြင်း၏ အရေးပါမှုခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိ သူများအား အမှတ်တရလက်ဆောင် ပစ္စည်းများနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ များကို တာဝန်ရှိသူများက ပေးအပ်ပြီး ရိုးရာအစားအစာနှင့် တေးသီချင်း များဖြင့် ဧည့်ခံဖျော်ဖြေကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

(၂၂၈)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၈)ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပုသိမ်ခရိုင်က ကြီးမှူး ဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက် တွင် ပုသိမ်ခရိုင်ရုံး စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်က အဖွင့်အမှာစကား ပြောကြားပြီး ဧရာဝတီတိုင်းပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေ ထွန်းက ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်များ၏ အရေးပါပုံ၊ စာကြည့်တိုက်မှူးကောင်းများ ဖြစ်ရေး တို့ကို အကျယ်တဝင့်မှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပုသိမ်ခရိုင် ဦးစီးအရာရှိ ဦးစန်းဝင်းက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ဆောင် ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းမှာကြားပြီး နည်းပြဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ရပ်ကွက်နှင့်ကျေးရွာအုပ်စု စာရေး ဝန်ထမ်းများနှင့် စာကြည့်တိုက်မှူး များ တက်ရောက်ကြသည်။

(ခရိုင်ပြန်/ဆက်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄) အမှတ် (၃၆)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၆)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ **'အပြော ကောင်းသူများ အကောင်းပြောသူ များ'** အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ရေကြောင်းသွားလာသူများ ရာသီ ဥတုခန့်မှန်းနိုင်ရန် တိမ်များအကြောင်း အသေအချာသိထားရန်လိုအပ်၊ မြန်မာ့ ကျွန်းသစ်များ ရုရှားက ဈေးအမြင့် ဆုံးပေးမည်၊ အွန်လိုင်းမှ သွင်းကုန် ထုတ်ကုန်လိုင်စင် လျှောက်ထားစနစ်၊ နယ်စပ်ကုန်သွယ်ရေး စခန်း ၁၁ ခု တွင် ဆောင်ရွက်သွားမည်၊ တိုင်းရင်း ဆေးအချို့ကြော်ငြာရာတွင် အဆိပ် အတောက်မရှိဟု မပြုလုပ်သင့်၊ ၄၅ ဘတ်စ်ကားကြီးပေါက်ကွဲမှုဖြစ်၊ မွေး ကင်းစကလေး ၉၀ ရာခိုင်နှုန်းတွင် အသည်းရောင်အသားဝါ ဘီပိုး ကူးစက်မှုဖြစ်ပွားနေ၊ ဝင်ခွင့်အမှတ် များမလိုဘဲ သင်တန်းကာလအတွင်း စင်ကာပူဒေါ်လာ ၅၀၀ မှ ၇၀၀ကြား ရမည့် ဟိုတယ်သင်တန်းများ တက်နိုင်ပြီ၊ မြန်မာလူဦးရေ၏ ၁၀ ရာခိုင်နှုန်းတွင် အသည်းရောင် အသားဝါ ဖြစ်ပွားလျက်ရှိ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့် အတူ **'တစ်ပတ်ထဲမှာ ပြောစရာ (Quotes of the Week)'** ကဏ္ဍ၊ ရွှေ့ပြောင်းအလုပ်သမားနှင့် လူကုန် ကူးမှုအန္တရာယ်၊ ဘဝကို ဘယ်လို ဖြတ်သန်း ရှင်သန်ကြမလဲ၊ လိမ်နည်း တစ်မျိုး---ရှုမြင်သုံးသပ် ဆောင်းပါး များ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိ လာပြီဖြစ်သည်။

'တွက်နည်းတွေပြင်မှ ဆင်းရဲသား တိုး' စီးပွားရေးသုံးသပ် ဆောင်းပါး နှင့်အတူ ပြောင်းလဲခြင်း ဆိုသော စကားလုံးဖြင့် အိုဘားမားနှင့် မက်ကိန်း အပြိုင်အဆိုင်မဲဆွယ်၊ ယောက်ျားလေး က မိခင်နှင့်တူသည့် ချစ်သူကိုရွေးချယ် ၍ မိန်းကလေးက ဖခင်နှင့်တူသည့် ချစ်သူကိုရွေးတတ်ကြ၊တက္ကသိုလ်တက် သားသမီး စိတ်မချသည့်မိဘများကို တက္ကသိုလ်အားကစားရုံ၌ တစ်ည အိပ်ခွင့်ပေး၊ ဂျာနယ်လစ်ရေးသော စာအုပ်က အမေရိကန်-အီရတ် ဆက်ဆံရေးကို ထိခိုက်နိုင် စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်း များ၊ စီးပွားရေးသုံးသပ် ဆောင်းပါး များ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍ များ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ

သာယာလှပ စိမ်းမြမြ

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့် ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre **သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**

(တနင်္လာမှသောကြာ)- ၈း၀၀ နာရီမှ ၁၀း၀၀ နာရီထိ (စနေ၊ တနင်္ဂနွေ)- ၈း၀၀ နာရီမှ ၁၂း၃၀ နာရီထိ

၁၅-၉-၂၀၀၈ (တနင်္လာနေ့)
- ❖ Teaching Short Story(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❖ Teaching Short Story(3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၆-၉-၂၀၀၈ (အင်္ဂါနေ့)
- ❖ Teaching Business English (1,2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ
- ❖ Teaching Business English (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၇-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)
- ❖ Teaching Literature as Resource in Language Classrooms
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ
  - Promoting Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၈-၉-၂၀၀၈ (ကြာသပတေးနေ့)
- ❖ Teaching Listening Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ
  - Developing Speaking Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ
  - Developing Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၉-၉-၂၀၀၈ (သောကြာနေ့)
- ❖ Developing Writing Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ
  - Integrated Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၂၀-၉-၂၀၀၈ (စနေနေ့)
- ❖ Meristematic Tissues and Permanent Tissues
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား/သူများ
- ❖ Nucleic Acid
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား/သူများ
- ❖ Dispersal of Plants
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား/သူများ
- ❖ Biochemistry I
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား/သူများ
- ❖ Biochemistry II
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား/သူများ
- ❖ Electrophilic Addition to Unsaturated Carbon
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား/သူများ
- ❖ Fourier Series
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား/သူများ
- ❖ Vector Calculus
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား/သူများ

၂၁-၉-၂၀၀၈ (တနင်္ဂနွေနေ့)
- ❖ သံယုတ္တနိကာယလာကိုယ်ကျင့်တရား
  - ဒုတိယနှစ် အရှေ့တိုင်း၊ မြန်မာစာ၊ ရသစာပေ အထူးပြု ကျောင်းသား/သူများ
- ❖ ကာရကအသုံးအနှုန်း
  - ဒုတိယနှစ် အရှေ့တိုင်းပညာ အထူးပြု ကျောင်းသား/သူများ
- ❖ ပါဠိဘာသာအကြောင်းလေ့လာချက်
  - ဒုတိယနှစ်မြန်မာမှု၊ အရှေ့တိုင်းပညာအထူးပြုကျောင်းသား/သူများ
- ❖ Introduction to South East Asia
  - ဒုတိယနှစ်သမိုင်းအထူးပြု ကျောင်းသား/သူများ
- ❖ Background of European in South East Asia
- ❖ ဒုတိယနှစ်သမိုင်းအထူးပြု ကျောင်းသား/သူများ
- ❖ The Forty-years War
  - ဒုတိယနှစ်သမိုင်းအထူးပြု ကျောင်းသား/သူများ
- ❖ မြန်မာ၊ မြန်မာစကား
- ❖ ဒုတိယနှစ်မြန်မာစာအထူးပြုကျောင်းသား/သူများ
- ❖ အာသံနိုင်မော်ကွန်း၏ဂုဏ်ရည်
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ကွာတားဖိုင်နယ်) ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၈ခုနှစ်၊ ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ(ကွာတားဖိုင်နယ်) ရှုံး/ထွက်ပွဲစဉ်များကို နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ယနေ့ ညနေ ၃နာရီခွဲက နောက်ဆုံးပွဲစဉ်အဖြစ် ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဘောလုံးအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန- သုံးဂိုး
စိုးမြတ်သူ-၂(နှစ်ဂိုး)၊ စောဇင်ဦး
(တစ်ဂိုး)
မွေးမြူရေးနှင့် ရေလုပ်ငန်း
ဝန်ကြီးဌာန (ဂိုးမရှိ)
ဒိုင်လူကြီး ဦးထွန်းထွန်း
(အဖွဲ့ချုပ်)

ယင်းပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

(ကွာတားဖိုင်နယ်) ရှုံး/ထွက်ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲအဖြစ် စက်တင်ဘာလ ၁၅ရက်တွင် နေပြည်တော်အားကစားကွင်း၌ အားကစားဝန်ကြီးဌာနနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စက်တင်ဘာလ ၁၆ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် စက်တင်ဘာ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အမှတ် အေ-၁ တော်ဝင်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးသို့သွားရောက်၍ စက်တင်ဘာ ၉ ရက်တွင် ကွယ်လွန်သွားသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတဟောင်း Mr. Nouhak Phoumsavanh အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်

ရန်ကုန် စက်တင်ဘာ ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ဝဒသမဝ၈လက်မ၊ လောင်းလုံမြို့တွင် ၉ဒသမ၂၅လက်မ၊ သထုံ မြို့တွင် ၅ဒသမ၃၅လက်မ၊ ရေးမြို့တွင် ၄ဒသမ ၉၂လက်မ၊ ထားဝယ်မြို့တွင် ၄ဒသမ၈၄လက်မ၊ ကော့သောင်းမြို့တွင် ၃ဒသမ၅၈လက်မ၊ မော်လမြိုင်မြို့တွင် ၃ဒသမ၄၂လက်မ၊ မုဒုံမြို့တွင် ၃ဒသမ၂၇လက်မနှင့် ပေါင်မြို့တွင် ၃ဒသမ၁၅လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁၄ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်) ၁၂-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) ၁၃-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၁၃-၉-၂၀၀၈

နေပူသည့်နာရီပေါင်း ၀ ဒသမ ၁ နာရီခန့် ၁၂-၉-၂၀၀၈

<u>မိုးရေချိန်</u>

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၃-၉-၂၀၀၈	၇၀ မမ (၂ဒသမ ၇၅လက်မ)	၅၅ မမ (၂ဒသမ ၁၆လက်မ)	၅၈ မမ (၂ဒသမ ၂၉လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၂၂၁၇ မမ (၈၇ဒသမ၂၈လက်မ)	၂၄၉၀ မမ (၉၈ဒသမ၀၃လက်မ)	၂၉၁၁ မမ (၁၁၄ဒသမ၆၁လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၂-၉-၂၀၀၈ရက် ၂၃း၁၅နာရီတွင် အနောက်ဘက်မှ တစ်နာရီခုနစ်မိုင်နှုန်း တိုက်ခတ်သည်။

အပင်တစ်သျှူးနည်းဖြင့် မျိုးပွားနည်းသင်တန်း ပို့ချမည်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အပင်တစ်သျှူးနည်းဖြင့် မျိုးပွားနည်းသင်တန်း အမှတ်စဉ်(၁)ကို အောက်တိုဘာ ၆ရက်မှ ၁၁ရက်အထိ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇရပ်ကွင်း ဗဟိုစိုက်ပျိုးရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း၌ သင်ကြားပို့ချမည်ဖြစ်သည်။

ယင်းသင်တန်းတွင် ငှက်ပျောနှင့် သစ်ခွ မျိုးပွားနည်းဘာသာရပ်ကို သင်ကြားမည်ဖြစ်ပြီး သင်တန်းချိန်မှာ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအထိဖြစ်သည်။သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အမှတ်(၂၆၂/၂၆၄)ပြည်လမ်း ဒဂုန်စင်တာ Block-A (၆)လွှာ မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၁၄၂၂၆ တွင်ရယူ၍ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် အမှတ် (၆) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၃ ရက်က ကျင်းပရာ ပထမတန်းမှ ပထမဆုရသူ မအင်ကြင်းမေအား ကျောင်းအုပ်ဆရာကြီး ဦးအေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄)

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၃

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

အန်ဖီးလ်ကွင်းတွင် လီဗာပူးက မန်ယူကို ခြေအသာဖြင့်ကစားပြီး အနိုင်ရ

လန်ဒန် စက်တင်ဘာ ၁၃

ယနေ့ည ပရီမီယာလိဂ် ပွဲစဉ်(၄) ပထမပွဲစဉ်အဖြစ် လီဗာပူးနဲ့ မန်ယူတို့ အန်ဖီးလ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ဧည့်သည်မန်ယူအသင်းမှာ စီရော်နယ်လ်ဒိုမှလွဲ၍ လူစုံပါဝင်ကစား သွားခဲ့ပါတယ်။ အိမ်ရှင်လီဗာပူးအသင်းကတော့ ဘာဘယ်နဲ့ ဂျရတ်တို့ ဒုတိယပိုင်းရောက်မှ လူစားဝင်ကစားခဲ့ပြီး တိုက်စစ်မှူးဖာနန်ဒိုတောရက်စ်က အရန်ခုံပေါ်မှာပဲရှိခဲ့ပါတယ်။

၄း၅း၁ ပုံစံနဲ့ ပွဲထွက်လာတဲ့ မန်ယူဟာပွဲစတာနဲ့ အိမ်ရှင်လီဗာပူးဘက်ကို အချိတ်အဆက်မိမိ တရစပ်ထိုးဖောက်ကစားနိုင်ခဲ့ပြီး ပထမပိုင်းသုံးမိနစ်မှာပဲ ညာခြမ်းက ဘာဘာတော့ဗ်ရဲ့ ဖန်တီးပေးမှုကနေတစ်ဆင့် တီဗက်ဇ်က မန်ယူအတွက် ဦးဆောင်ဂိုးကို သွင်းပေးနိုင်ခဲ့ပါတယ်။ ပွဲချိန်၁၂မိနစ်အရောက်မှာ ထောင့်ကန်ဘောမှတစ်ဆင့် ဒရစ်ကောက် အပိုင်ပိုင်သွင်းခဲ့ပေမယ့် ဗန်ဒါဆားကာကွယ်နိုင်ခဲ့တာကြောင့် လီဗာပူးတို့အတွက် တစ်ဂိုးနစ်နာခဲ့ရပါတယ်။ ၂၁မိနစ်မှာ မန်ယူက တီဗက်ဇ်ဖျက်ထုတ်တာ ကြမ်းလို့ဆိုပြီး ဒိုင်လူကြီးက အဝါကတ်ပြပြီး သတိပေးခဲ့ပါတယ်။ ၂၆ မိနစ်မှာ အလွန်ဆိုအဝေးမှ အပြင်းကန်သွင်းရာ အီဗရာနှင့်ထိပြီး လမ်းကြောင်းပြောင်းသွားရာ ဂိုးသမား ဗန်ဒါဆား ပုတ်ထုတ်ခဲ့ပေမယ့် နောက်ခံလူ ဝက်စ်ဘရောင်းနဲ့ထိပြီး ဂိုးဝင်သွားခဲ့ပါတယ်။ ချေပဂိုးရပြီးတဲ့နောက်မှာ အိမ်ရှင်လီဗာပူးတို့ ကစားကွက်ပိုကောင်းလာပြီး မန်ယူကို ဆက်တိုက် ဖိအားပေးနိုင်ခဲ့ပါတယ်။ ပထမပိုင်းရဲ့ဘောလုံးပိုင်ဆိုင်မှုကတော့ လီဗာပူး ၅၁ ရာခိုင်နှုန်းနဲ့ မန်ယူက ၄၉ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

ဒုတိယပိုင်းတွင်လည်း မန်ယူတို့ဟာ လီဗာပူးရဲ့ မြန်နှုန်းမြင့် ကစားကွက်ကို လိုက်မကစားနိုင်ဘဲ ခံစစ်အသွင်နဲ့သာ ကစားသွားခဲ့ရပါတယ်။ ပွဲချိန် ၇၇မိနစ်အရောက်မှာ လူစားဝင်လာတဲ့ ဘာဘယ်က လီဗာပူးအတွက် အနိုင်ဂိုးကို သွင်းပေးနိုင်ခဲ့ပြီး ပွဲအပြီးမှာတော့ လီဗာပူးက မန်ယူကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။ ဒီနေ့ပွဲမှာ ဖာဂူဆန်ကို ဘင်နီတက်ဇ်က နည်းဗျူဟာအသာရသွားတယ်လို့ ဆိုရမှာပါ။

လီဗာပူးအတွက် ဘီနာယောင်အစား ဂျရတ်၊ အဲဗက်ရှိုင်ရာအစား ဘာဘယ်၊မာရှေရာနိုအစား ဟတ်ပီယာတို့ လူစားဝင်ကစားသွားခဲ့ပြီး မန်ယူအတွက် နာသွားတဲ့ ကာရစ်အစား ဂစ်၊ ပေါလ်စခိုးအစား အိုဝင်ဟားဂရေ့ဗ်၊ အန်ဒါဆင်အစား နာနီတို့ လူစားဝင်ရောက် ကစားခဲ့ပြီး မန်ယူ နောက်ခံလူ ဗီဒစ်မှာ မိနစ် ၉၀တွင် နှစ်ဝါတစ်နီနှင့် ထွက်ခဲ့ရတဲ့အတွက် ပွဲစဉ်(၅) ချယ်လ်ဆီးနဲ့ပွဲကို လွဲချော်တော့မှာဖြစ်ပါတယ်။

ယနေ့ည ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ ပွဲစဉ်(၄)ရလဒ်များကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

ဘလက်ဘန်း ၀-၄ အာဆင်နယ်
ဖူလ်ဟမ် ၂-၁ ဘော်လ်တန်
နယူးကာဆယ် ၁-၂ ဟူးလ်စီးတီး
ပို့စ်မောက် ၂-၁ မစ်ဒယ်ဘရော့
ဝက်စ်ဘရွန်း ၃-၂ ဝက်စ်ဟမ်း
ဝီဂန် ၁-၁ ဆန်းဒါးလန်း
မန်စီးတီး ၁-၃ ချယ်လ်ဆီး

ဝင်းတင်(ကြေးမုံ)

Amazing Lunch Buffet

Since 1957

Coca ချစ်သော Suki နှစ်သက်သူမိတ်ဆွေများအတွက်

(၁၅-၉-၂၀၀၈) မှ (၃၀-၉-၂၀၀၈) နေ့အထိ

(နံနက် ၁၁း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ) အတွင်း

ကြွရောက်အားပေးသူတိုင်းကို

One For One Free

Regular Suki Buffet For Next Visit (Lunch only)

ကိုပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေရာထိုင်ခင်းအဆင်ပြေမှုအတွက်ကြိုတင် Reservation ပြုလုပ်ပေးပါရန်။

Phone : 229904, 229905, Hp : 09 512 7295

အငှမအကြိမ်မြောက်

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

အငှမအကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအား တစ်သင်းလျှင် ဝတ်စုံ ၁၀ စုံ၊ ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ချီးမြှင့်မည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများသည် အောက်တိုဘာ ၁ ရက် နောက်ဆုံးထား၍ ဦးမျိုးမြင့် (အတွင်းရေးမှူး)ဖုန်း-၀၁-၂၂၆၈၇၂၊ ၀၉-၅၀၅၁၀၇၉၊ ဦးခင်မောင်မြင့် (ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၃၉၃၄၂၀ တို့ထံ စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲအား မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝေဒနာရှင်လူနာများအတွက် ဇီဝိတဒါနသွေးလှူ

မန္တလေး စက်တင်ဘာ ၁၃

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး မန္တလေးအမျိုးသားသွေးလှူဘဏ်ခွဲသို့ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်သွေးလှူရှင်များက ပြည်သူ့ဆေးရုံကြီးများတွင် တက်ရောက်ကုသမှုခံယူလျက်ရှိကြသော ဝေဒနာရှင်လူနာများအတွက် ဇီဝိတဒါနအဖြစ် ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်းက သွေးမျိုးစုံကို မိမိတို့စေတနာအလျောက် လာရောက်လှူဒါန်းကြသည်။

ယင်းသို့ လှူဒါန်းကြရာတွင် အေသွေး ၅၅၉အိတ်၊ ဘီသွေး ၇၀၂အိတ်၊ အိုသွေး ၇၂၇အိတ်၊ အေဘီသွေး ၂၀၄အိတ် စုစုပေါင်း သွေးမျိုးစုံအိတ်ပေါင်း ၂၁၉၂ အိတ်ကို သွေးလှူဘဏ်ကြီးကြပ်မှုကော်မတီက လက်ခံရရှိခဲ့ကြရာ အဆိုပါသွေးမျိုးစုံကို သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာခင်ထွေးလှိုင်နှင့် ဝန်ထမ်းများက ကူးစက်ရောဂါပိုး ရှိမရှိ စနစ်တကျစစ်ဆေးပြီး လိုအပ်သော လူနာများအတွက် ပိတ်ရက်မရှိ ၂၄ နာရီ ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၄၆၉)

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဒဂုံဆိပ်ကမ်းမြို့နယ်၌ ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ဒဂုံဆိပ်ကမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထက(၂)ကျောင်းတို့ပူးပေါင်းပြီး ဟောပြောပွဲကို စက်တင်ဘာ ၃ရက်က ယုဇနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် **(အောက်ပုံ)**က တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထောက်အကူပြုမည့် ခွန်အားရှိသော အတွေးများကို 'ရည်ရွယ်ချက်ရှိရမည်' ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများတက်ရောက်ကြကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

အင်္ဂလိပ်စာ ထူးချွန်သူများစွာ မွေးထုတ်ပေးနေသော...

ဆရာမိုး Follow Me Ph.D (USA)

အင်္ဂလိပ်စာရေးနည်းပေါင်းချုပ် ထွက်ပြီ

IELTS, TOEFL , SAT, GCE, GRE, လုပ်ခွင်ဝင်ခွင့် ဖြေမည့်သူတိုင်း၊

အင်္ဂလိပ်စာဂုဏ်ထူးထွက်ချင်သူတိုင်း၊ အင်္ဂလိပ်စာ ဝါသနာရှင်တိုင်း

မဖြစ်မနေ လက်ကိုင်ပြု ဖတ်ရှုလေ့လာရမည့် စာအုပ်ကောင်း။

အင်္ဂလိပ်စာ အရေးနှင့် အပြော သီးသန့် လက်ခံသင်ကြားပြီ။

ဆက်သွယ်ရန် ◆ မိုးသိင်္ဂီ စာပေတိုက်၊ Ph : 01 295798

အမှတ်-၄၃၈(ပ)ထပ်၊ ကုန်သည်လမ်း၊ (၄၄-လမ်းထိပ်)၊ ရန်ကုန်မြို့။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"မြေပဲ၊ နှမ်းနှင့် ကျောက်ခဲသလဲ" တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀-၂း၀၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)၊ ကိုကိုလှိုင်]
၈း၅၅-၂း၅၅	Soccer Update
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	အရှက်ဦးမှာကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	"အဘိဓမ္မာကိုလေ့လာလိုလျှင် ယုတ္တိနည်းကျ စဉ်းစားတတ်ရန်လိုသည်" တရားတော် [ဒေါက်တာချစ်ငယ်(ဒဿန)Ph.D]
၁၀း၂၀-၄း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	Euro Goals
၁၀း၅၀-၄း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅-၄း၅၅	**အဆုံးအဖြတ် (ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-ဖုန်းမြင့်အောင်]**
၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	International Video Topics (Sears Tower)
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမြသိန်း)
၁၂း၁၅-၆း၁၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	ခါးနာရောဂါအကြောင်းသိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Stoke City -Everton	ESPN (Live)

ရုံးခန်းလိပ်စာပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေးကြေညာခြင်း

AURORA GROUP CONSTRUCTION & DECORATION (LC- 377) ကို

ယခင် - အမှတ် (၂၁၅)၊ အနော်ရထာလမ်း၊ (၃၁လမ်းနှင့်၃၂လမ်းကြား)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ တွင် ဖွင့်လှစ်ထားရာမှ

ယခု- "ရုံးခန်းသစ်" အမှတ် (၁၉၁)၊ အနော်ရထာလမ်း၊ (၁၃လမ်းနှင့် ၁၄လမ်းကြား)၊

လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့၊ သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း မိတ်ဟောင်း

မိတ်သစ်များအား အသိပေးကြေညာအပ်ပါသည်။

AURORA GROUP CONSTRUCTION & DECORATION

Ph : 381455 , 224676 , 09 50 11477, 09 511 6392, 09 50 41549

ကားရောင်းမည်

* **Hilux 5** ချိတ်၊ **78 mdl,** ဆေးနှင့် ဘော်ဒီအသစ်၊ ထ/၂ ထောင်ကျော် အိမ်စီးကားသန့် 100L

* မှန်လုံ ထီလာဂျစ်**(Wagon)** အသစ်၊ ၈င/၅ထောင်ကျော်၊ အခွန်ကျေ (၁၀၅)သိန်း။

ဖုန်း-၀၉-၅၁၅၆၀၁၈

အများသိစေရန် သတိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၄၁၀)၊ မြေညီထပ် (၁၂$\frac{၁}{၂}$ ပေ× ပေ ၆၀၊ ဝဲဘက်ထောင့်) အခန်းအား မိဘများဖြစ်သော (ဦးဝိုင်အမ်အကူဂျီ) (စီစီ/၀၀၈၅၁၃)နှင့် (ဒေါ်ခင်သန်း) [၁၂/ပဘတ(နိုင်)၀၂၆၁၃၀]တို့မှ ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ မိဘများကွယ်လွန်သွားကြပြီဖြစ်၍ သားသမီးများဖြစ်သော ဦးမောင်မောင်၊ ဒေါ်ခင်သန်းနွယ်၊ ဒေါ်ခင်နုနွယ်နှင့် ဦးတင်နွယ်တို့မှ အမွေဆိုင်များ ပိုင်ဆိုင်ကြပါသည်။ အဆိုပါတိုက်ခန်းအား ဒေါ်ခင်သန်းနွယ်၊ ဒေါ်ခင်နုနွယ်နှင့် ဦးတင်နွယ်တို့၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းနွယ် [၁၂/ပဘတ(နိုင်)၀၂၆၁၇၈]

ဒေါ်ခင်နုနွယ် [၁၂/ပဘတ(နိုင်)၀၂၆၁၇၉]

ဦးတင်နွယ် [၁၂/ပဘတ(နိုင်)၀၂၆၁၈၀] တို့၏

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လင်းလင်းရွှေစင် (အထက်တန်းရှေ့နေ)

လိုင်စင်အမှတ်-၂၃၆၇၁

မူးယစ် ကင်းစင် အလှဆင်

တောင်သာအထက ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

တောင်သာအထကမှ အငြိမ်းစားယူသွားသော ဆရာ၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၄ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ ဒေါက်တာမောင်မောင်မြင့် ဖုန်း-၀၁-၂၂၂၁၈၄၊ ဒေါ်သောင်းသောင်းဝင်း ဖုန်း-၀၉-၅၁၅၇၂၆၂(ရန်ကုန်)၊ ဦးအေးနိုင် ဖုန်း-၀၉-၂၂၀၀၇၆၃(မန္တလေး)၊ ဦးအောင်မြင့် ဖုန်း-၀၆၆-၇၀၀၆၆(တောင်သာ)၊ ဦးအောင်ကိုဝင်း ဖုန်း-၀၉-၅၀၆၁၀၂၀(ရန်ကုန်)၊ ဦးဝင်းဗိုလ် ဖုန်း-၀၉-၅၁၉၂၅၉၃ (ရန်ကုန်)တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) **၁-၁-၂၀၀၉** ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အရပ်အမြင့် အနည်းဆုံး (၅)ပေ၊ (၃)လက်မ ရှိရမည်။

(ဃ) ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက် မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် **၁-၁၀-၂၀၀၈** ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး **၁၄-၁၁-၂၀၀၈** ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့/စခန်း တစ်ခုခုမှ ထောက်ခံစာ (မူရင်း) နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်တို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်။ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ **၁-၁၂-၂၀၀၈** ရက်နေ့ တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည် -

(က) အင်္ဂလိပ်စာ ။ နံနက် (၉)နာရီမှ (၁၁)နာရီအထိ ။

(ခ) ဇီဝဗေဒ ။ နေ့လယ် (၁)နာရီမှ (၃)နာရီအထိ။

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် **၂၂-၁၂-၂၀၀၈** ရက်နေ့မှ **၂၄-၁၂-၂၀၀၈** ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသော အချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၂၅၀၀၀ိ/-)၊ ဒုတိယနှစ် (၂၆၀၀၀ိ/-)၊ တတိယနှစ် (၂၇၀၀၀ိ/-)၊ စတုတ္ထနှစ် (၂၈၀၀၀ိ/-) ရရှိမည်။

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြု သိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ B.Pharm (Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့ (ရောဂါရှာဖွေရေးပညာ) B.P.Sc (Med . Tech) Bachelor of Paramedical Science (Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) B.P.Sc (Radiography) Bachelor of Paramedical Science (Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ) B.P.Sc (Physiotherapy) Bachelor of Paramedical Science(Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး (၁၀)နှစ် အမှုထမ်းဆောင်ရမည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)နှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်-မန္တလေး လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး နေပြည်တော်တပ်ကုန်းမြို့နယ် ကင်းသာရှင်းလင်းဆောင်၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) အတိုင်း ထွက်ခွာ၍ မိုင်တိုင်အမှတ်(၁၂၅) ဗျည်းကပ်ကျေးရွာအနီးရှိ အရှည်ပေ ၆၀၊ အကျယ် ၁၄ပေ သစ်သားတံတား တည်ဆောက်နေမှုနှင့် ရေဦးရွာအနီးရှိ သစ်သား တံတား တည်ဆောက်နေသည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မိတ္ထီလာ တပ်နယ် တစ်ဧကတင်း(၂၀၀) အထူးအထွက်ကောင်းစပါး စံပြစိုက်ခင်း ၇၅ ဧကတွင် တစ်ဆက်တစ်စပ်တည်း အောင်မြင် ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက် အမှတ်(၂) လမ်းပေါ်ရှိ ထနောင်းကုန်းကျေးရွာအနီး အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားတည်ဆောက် နေမှုနှင့် တွင်းရွာကျေးရွာအနီးရှိ မိုးစပါးစိုက်ခင်းများကို ကြည့်ရှု စစ်ဆေးပြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာရှိ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လှိုင်းတက်စည်သွတ်စက်ရုံနှင့် အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေး သည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ကုန်းတောင်ကျေးရွာ ရေလှောင်ဇုန်သို့ရောက်ရှိပြီး ရေလှောင်တွင်းများ စမ်းသပ်တူးဖော်ရန် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်မှစ၍ ကျင်းပတော့မည် ဖြစ်ပြီး အသင်းပေါင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲကို အဆင့်မြင့်တန်းတွင် ဆက်လက် ရပ်တည်နေသည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်၊ ကမ္ဘောဇ၊ စီးပွား/ကူးသန်း၊ မြို့တော်စည်ပင်၊ ကာကွယ်ရေး၊ မြန်မာ့မီးရထား၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

သတင်းနှင့် ဓာတ်ပုံ
စိုးညွန့်(ကြေးမုံ)

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် ဖွင့်ပွဲ အထိမ်းအမှတ်ပြိုင်ပွဲ၌ ဗိုလ်စွဲထားသည့် ကမ္ဘောဇအသင်း။

အမေရိကန်၏ စွမ်းအင်အချက်အချာဒေသသို့ အိုက်ခ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်

ဟူစတန် စက်တင်ဘာ ၁၃

အိုက်ခ် ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံရှိ စွမ်းအင် ဆိုင်ရာ စက်မှုလုပ်ငန်းများ၏ အချက်အချာဒေသဖြစ်သော တက္ကဆက်ပြည်နယ်ဟူစတန်မြို့နှင့် အနီးဝန်းကျင်ဒေသကို စနေနေ့ စောစောပိုင်းတွင် ဝင်ရောက်တိုက်ခတ်သည်။

အမေရိကန် ခရုဒ် ရေနံထုတ်လုပ်မှု၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသော ကုမ္ပဏီများနှင့် သန့်စင်ပြီးစက်သုံးဆီထုတ်လုပ်မှု ၂၂ ရာခိုင်နှုန်းတို့မှာလည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် လုပ်ငန်းများကို ရပ်နားထားကြသည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ■

တက္ကဆက်ပြည်နယ် ကမ်းရိုးတန်းတွင် အိုက်ခ်မုန်တိုင်း တိုက်ခတ်၍ ကယ်ဆယ်ရေးလုပ်သားများက လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေစဉ်။

ပန်းဂေါ်ဖီစိမ်းတွင် ပါဝင်သော ဒြပ်ပေါင်း အဆုတ်ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်

လန်ဒန် စက်တင်ဘာ ၁၃

ပန်းဂေါ်ဖီစိမ်းတွင် ပါဝင်သော ဒြပ်ပေါင်းတစ်မျိုးသည် ပြင်းထန်သည့် အဆုတ်ရောဂါများ ဖြစ်ပွားမှုကို ကာကွယ်တားဆီးပေးနိုင်ကြောင်း သုတေသနပညာရှင်များက လေ့လာတွေ့ရှိထားသည်။

ဗြိတိန်နိုင်ငံ၌ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ရောဂါများဖြစ်ပွားကာ နှစ်စဉ် လူ ၃၀၀၀၀ ခန့် သေဆုံးလျက်ရှိသည်။

ယင်းပန်းဂေါ်ဖီစိမ်း ဒြပ်ပေါင်းသည် ဆီးချိုရောဂါကြောင့် သွေးကြောများ ပျက်စီးခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်သာမက အဆုတ်ရောဂါများဖြစ်ပွားရခြင်းကိုလည်း ကာကွယ်တားဆီးပေးနိုင်ကြောင်းလည်း ပညာရှင်များက ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❁